The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 23, NO. 23 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 20, 2023

# စစ်ကိုင်းစက်မှုဇုန်ရှိ သစ်အချောထည် ပရိဘောဂလုပ်ငန်း

စာမျက်နှာ - 16



## ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို စတင် မိတ်ဆက်

စာမျက်နှာ - 3

## အထူးစီးပွားရေးဇုန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အဆက်အစပ်

စာမျက်နှာ - 8

## ဖောက်သည်တို့အတွက် ရှယ်ယာ ဝန်ဆောင်မှုပေးခြင်း

စာမျက်နှာ - 25






# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို စတင်မိတ်ဆက်

**ကနေဒါနိုင်ငံသည် ၎င်းနိုင်ငံသားများအတွက် ရေရှည်တိုးတက်မှု၊ ကြွယ်ဝမှုနှင့် လုံခြုံစိတ်ချရမှုများကို အထောက်အကူဖြစ်စေရန် ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို စတင် မိတ်ဆက်ခဲ့သည်။ ကနေဒါနိုင်ငံက ပစိဖိတ်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် အင်ဒို-ပစိဖိတ်ဒေသသည် ကနေဒါနိုင်ငံ၏ အနာဂတ်တွင် သိသာထင်ရှားပြီး လေးနက်သော အခန်းကဏ္ဍတစ်ခုဖြစ်လိမ့်မည်ကို သတိပြုမိလာခဲ့သည်။ ကနေဒါနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေး၊ စီးပွားရေးအောင်မြင်တိုးတက်ခြင်း၊ နိုင်ငံတကာ ဥပဒေနှင့် လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာခြင်း၊ ဒီမိုကရေစီဆိုင်ရာတန်ဖိုး၊ ပြည်သူ့ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းတို့ကဲ့သို့သော ကနေဒါနိုင်ငံသားများနှင့် သက်ဆိုင်သည့်ကိစ္စများကို အင်ဒို-ပစိဖိတ်ဒေသတစ်ခုလုံးရှိ နိုင်ငံများနှင့် ဆက်ဆံရေးကို ပုံဖော်သွားမည်ဖြစ်သည်။**




ကနေဒါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး Melanie Joly က ၎င်းတို့နိုင်ငံ၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စတင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ မဟာဗျူဟာသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို တိုးမြှင့်ခြင်း၊ စီးပွားရေး ကြီးထွားလာစေရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးကို ခိုင်မာအားကောင်းစေခြင်း၊ သိသာထင်ရှားသော ပြည်သူမှ ပြည်သူသို့ ဆက်သွယ်မှုကို မြှင့်တင်ခြင်းနှင့် ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူဖြစ်စေခြင်းများဖြင့် နောက်လာမည့် ဆယ်စုနှစ်ကျော်ကာလတွင် အင်ဒို-ပစိဖိတ်ဒေသ၌ ကနေဒါနိုင်ငံ၏ ပါဝင် ဆက်ဆံရေးကို ပိုမိုလေးနက်စေမည့် ဘက်စုံပါဝင်သော လမ်းပြမြေပုံတစ်ခုဖြစ်သည်။

အင်ဒို-ပစိဖိတ် မဟာဗျူဟာ၏ အဓိကသဘောတရားသည် ကနေဒါနိုင်ငံ၏ GDP ကို ကာကွယ်စောင့်ရှောက်ရင်း ကနေဒါနိုင်ငံ၏ အမျိုးသားရေးကို ဖော်ဆောင်သွားမည်ဖြစ်သည်။ ကနေဒါနိုင်ငံသည် ဒေသတွင်း၌ မှီခိုအားပြုဖွယ်ဖြစ်သော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် တည်ရှိနေစေရန် ဆောင်ရွက်မည်ဖြစ်သည်။ လာမည့် ငါးနှစ်ကျော်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံမှုနှင့် အစပြုမည့် ရည်မှန်းချက်ရှိရှိ ရေးဆွဲထားသော အစီအစဉ်တစ်ရပ်နှင့် စတင်မည်ဖြစ်သည်။

ဤလူမှုရေးဆိုင်ရာ မဟာဗျူဟာကြီးတစ်ခုလုံးက ကမ္ဘာကြီးရဲ့ အရှေ့တွင် ကနေဒါနိုင်ငံအနေဖြင့် ဒေသတွင်းအနာဂတ်ကို ပုံဖော်ဖို့ မိတ်ဖက်များ၊ လက်တွဲဖက်နိုင်ငံများနှင့် တက်ကြွစွာ မည်ကဲ့သို့ ဆောင်ရွက်သွားမည်တို့ကို ရည်မှန်းထားခြင်းဖြစ်သည်။

ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် မဟာဗျူဟာကျသော ရည်မှန်းချက် ငါးခု ပါဝင်သည်။

## ငြိမ်းချမ်းရေး၊ ကြံ့ကြံ့ခံနိုင်ရေးနှင့် လုံခြုံရေးကို တိုးမြှင့်ခြင်း

ကနေဒါနိုင်ငံ၏ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရှေ့သို့တက်လှမ်းရန် ကနေဒါအစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ ၇၂၀ ဒသမ ၆ သန်းကျော်ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံရာတွင် ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ် ရေတပ်တည်ရှိခြင်းကို ပြန်လည်ခိုင်မာ အားကောင်းစေရန်နှင့် ဒေသတွင်း စစ်ရေးလေ့ကျင့်မှုများတွင် ကနေဒါကြည်းတပ်ပါဝင်မှုကို တိုးမြှင့်ရန် အမေရိကန်ဒေါ်လာ ၄၉၂ ဒသမ ၉ သန်းနှင့် ဒေသတွင်း၌ ရွေးချယ်ထားသော မိတ်ဖက်နိုင်ငံများတွင် ဆိုက်ဘာလုံခြုံရေး စွမ်းအားစုကို ဖွံ့ဖြိုးတိုးတက်စေရန် ဌာနစုံပါဝင်သည့် ခြေလှမ်းသစ်ကို စတင်နိုင်ရေး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄ သန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

## ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် တန်ဖိုးကွင်းဆက် ကြံ့ကြံ့ခံနိုင်ရေးကို တိုးချဲ့ခြင်း

စည်းမျဉ်းအခြေပြုကုန်သွယ်မှုကို တွန်းအားပေးရန် ကနေဒါနိုင်ငံ၏ စီးပွားရေးကြွယ်ဝမှုကို အထောက်အကူဖြစ်စေရန် ကနေဒါနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၆ မီလီယံကို ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ကနေဒါနိုင်ငံသည် ဒေသတွင်း၌ ၎င်း၏စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကွန်ရက်များ တိုးချဲ့ရန် အရှေ့တောင်အာရှ၌ ကနေဒါကုန်သွယ်မှုလမ်းကြောင်းတည်ဆောက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁ သန်း၊ အင်ဒို-ပစိဖိတ်နိုင်ငံများသို့ စိုက်ပျိုးရေးနှင့် လယ်ယာထွက် စားသောက်ကုန်များ တင်ပို့နိုင်ရန် ကနေဒါနိုင်ငံ၏ ပထမဆုံးလယ်ယာကဏ္ဍရုံးများ ဖွင့်လှစ်တည်ဆောက်သွားရန် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈ သန်း၊ အင်ဒို-ပစိဖိတ်မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့တွင် သဘာဝသယံဇာတ စည်းနှောင်မှုများအနေဖြင့် တိုးချဲ့သွားရန် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ သန်းကို လျာထားသည်။

## ပြည်သူများသို့ ဆက်သွယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း

အင်ဒို- ပစိဖိတ်ဒေသတွင်း ပြည်သူအချင်းချင်းဆက်သွယ်မှု ပိုမိုခိုင်မာ အားကောင်းစေရန် ကနေဒါနိုင်ငံသည် အမေရိကန်ဒေါ် လာ ၂၆၁ ဒသမ ၇ သန်းကို ထည့်ဝင်သုံးစွဲသွားမည်ဖြစ်သည်။ အင်ဒို-ပစိဖိတ်ကို အထောက်အကူဖြစ်စေရန် ကနေဒါနိုင်ငံ၏ Feminist International Assistance Policy ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀၊ ပြည်သူမှ ပြည်သူသို့ စည်းနှောင်မှုများကို ခိုင်မာအားကောင်းစေရေး အထောက်အကူပြုရန် နယူးဒေလီ၊ ချန်ဒီဂါ၊ အစ္စလမ္မာဘတ်နှင့် မနီလာတို့တွင် ကနေဒါဗဟိုပြုကွန်ရက်အတွင်း ကနေဒါနိုင်ငံ၏ ဗီဇာလုပ်ငန်းစဉ်များ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၆ သန်းတို့ကို သုံးစွဲသွားမည်ဖြစ်သည်။ ကနေဒါနိုင်ငံ၏ Feminist International Assistance Policy ၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်း ဆင်းရဲမှုပပျောက်စေရန် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ရန်ဖြစ်သည်။ ဤရည်မှန်းချက်ကို အောင်မြင်ရန် မညီမျှမှုများကို ဖြေရှင်းမည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေဖြင့် ၎င်းတို့၏ ဘဝရပ်တည်မှုကို ကိုယ်ပိုင်ဝင်ငွေရရှိနိုင်မည့် ပြည့်ဝသောအလားအလာများ ရှိလာစေရန် စွမ်းအားမြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့၏ မိသားစုများ ကောင်းကျိုးရရှိနိုင်သကဲ့သို့ ၎င်းတို့၏ အသိုက်အဝန်းနှင့် နိုင်ငံများ၏ စီးပွားရေးကြီးထွားလာစေမည့် ကောင်းကျိုးများရှိလာမည်ဖြစ်သည်။

## စဉ်ဆက်မပြတ်သော၊ စိမ်းလန်းသော အနာဂတ် တည်ဆောက်ခြင်း

သန့်ရှင်းသော အနာဂတ်တစ်ခုကို တည်ဆောက်ရန် ကတိကဝတ်ရှိထားသည့်အတိုင်း ကနေဒါနိုင်ငံသည် အမေရိကန်ဒေါ်လာ ၉၁၃ ဒသမ ၃ သန်းကို သုံးစွဲသွားရန် လျာထားသည်။

အရည်အသွေးမြင့်ပြီး စဉ်ဆက်မပြတ်သော အခြေခံ အဆောက်အအုံများကို အထောက်အကူဖြစ်စေရန် ဦးစားပေးဈေးကွက်များတွင် FinDev Canada ၏ လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ရန်နှင့် အင်ဒို-ပစိဖိတ် ဒေသတွင်း ၎င်း၏လုပ်ငန်းလည်ပတ်ဆောင်ရွက် နေမှုများကို တိုးချဲ့ရန် အမေရိကန်ဒေါ်လာ သန်း ၇၅၀၊ တရားမဝင်သော၊ အစီရင်ခံစာတင်ပြခြင်းမရှိသောနှင့် စည်းမျဉ်းသတ်မှတ်ချက်နှင့် မကိုက်ညီသော ငါးဖမ်းခြင်းများကို ကန့်ကွက်သည့် စည်းမျဉ်းများ၊ စီမံဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ တိုးမြှင့်လာစေရေးအပါအဝင် အင်ဒို-ပစိဖိတ် ဒေသတွင်း၌ အဏ္ဏဝါပတ်ဝန်းကျင် ကျန်းမာရေးကို ပြန်လည်အားကောင်းလာစေရန် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၃ သန်းတို့ကို လျာထားသုံးစွဲသွားမည်ဖြစ်သည်။

FinDev Canada ဆိုသည်မှာ မွန်ထရီရယ်မြို့တွင် အခြေစိုက်ပြီး ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ချေးငွေအေဂျင်စီ စသည့်လုပ်ငန်းများကို ဆောင်ရွက်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်သည်။

## ကနေဒါနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင်း၌ တက်ကြွပြီး ဆက်ဆံရေးကောင်းမွန်သော မိတ်ဖက်ဖြစ်စေခြင်း

ကနေဒါနိုင်ငံသည် ဒေသတွင်း၌ ၎င်း၏ တည်ရှိမှု၊ မြင်နိုင်စွမ်းနှင့် လွှမ်းမိုးမှုကို ခိုင်မာစေရန် အမေရိကန်ဒေါ်လာ ၁၄၇ သန်းကို လျာထားသည်။ ဆက်သွယ်/ဆက်ဆံသည့် နိုင်ငံများ၏ ဒေသခံမိတ်ဖက်များနှင့် ဆက်ဆံရေးခိုင်မာအားကောင်းစေရန် ကမ္ဘာ့အရေးဆိုင်ရာ ကနေဒါ အဝန်းအဝိုင်းတွင်းနှင့် ပြည်ပနိုင်ငံများသို့ ကနေဒါကိုယ်စားလှယ်အဖွဲ့များ တိုးချဲ့ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် ဒေသတွင်းနိုင်ငံများတွင် အာရှ-ပစိဖိတ် အဖွဲ့အစည်းရုံးခန်းအသစ် တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်းတို့ လျာထားသုံးစွဲသွားမည်ဖြစ်သည်။

**စာမျက်နှာ (၇)သို့**

Commerce
JOURNAL
**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
အောင်သွင်ဦး
ဒေါက်တာထိန်လင်း
**စာတည်းမှူးချုပ်**
သန့်စင်မင်း
**တာဝန်ခံစာတည်း**
စိန်သံ
**စာတည်းအဖွဲ့**
ကျော်ကျော်
**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး
**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)
**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်
**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)
**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃
**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)
**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်
**Layout Design & Graphic Design**
CJ Design Group
**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Email Address**
commercejournal.editor@gmail.com

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦး ခရိုင်များ အနေဖြင့် ကလေးခရိုင်တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်ကျ၍ ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့တွင် ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်ပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရှိရသည်။

စစ်ကိုင်း တိုင်းဒေသကြီးအတွင်း နိုဝင်ဘာလ တတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၁၄၀၀၀၀ ကျပ်၊ နှံ့စပါး (ရွှေဝါထွန်း)စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၃၀၀၀ များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ငစိန်(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၉၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နှံ့စပါး(ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ နှံ့စပါး (ဒေသမျိုး)(ဆန်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းကေရီ(၃)(စပါး) တင်း၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ပြည် တစ်အိတ် လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ပြည် ဆန်တစ်အိတ် လျှင် ကျပ် ၁၂၀၀၀၀၊ နှံ့စပါး(ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နှံ့စပါး (ဆင်း-၃)(ဆန်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၂၀၀၀၀၀၀၊ မနောသုခ (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်)၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၂၇၅၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၂၀၀၀၊ နှံ့စပါး ရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁၆၈၀၀၀၀၊ ရွှေဝါထွန်း(ဆန်)၂၄ပြည် တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ နိုဝင်ဘာလ ဒုတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက် မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၅၇၅၀၊ မန္တလေးသို့ အိတ်ရေ ၁၇၉၀၅၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၃၂၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂၄၀၀၊ ကယားသို့ အိတ်ရေ ၄၀၀၊ ကချင်သို့ အိတ်ရေ ၅၀၀ ၊ စုစုပေါင်း အိတ်ရေ ၄၁၉၆၁ အိတ်၊ တန်အားဖြင့် ၂၀၉၈ စီးထွက်ခဲ့ပြီး၊ ယခု နိုဝင်ဘာလ တတိယပတ်တွင် စစ်ကိုင်း တိုင်းဒေသကြီးမှ အခြား တိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၇၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၂၂၀၀၊ မကွေး သို့ အိတ်ရေ ၂၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၃၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂၈၀၀၊ မွန်ပြည်နယ်သို့အိတ်ရေ ၈၃၂၀၊ စုစုပေါင်း အိတ်ရေ ၅၉၄၇၃ အိတ်၊ တန်အားဖြင့် ၂၉၇၃ စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အိတ်ရေ ၁၇၅၁၂ အိတ်၊ တန်အားဖြင့် ၈၇၅ တန် ပို၍စီးထွက်ခဲ့ကြောင်း သိရှိရသည်။ **တင်တင်ဝင်း (မုံရွာ)**

# တစ်ပတ်အတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု အခြေအနေ

**ဆန်**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၈၄၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၂၀၆၀ ကျော်၊ အီးယူ အဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၁၉၀ ကျော်နှင့် နယူးဂီနီနိုင်ငံသို့ ဆန် ၂၅ တန် တင်ပို့နိုင်ခဲ့သည်။ ဆန်တင်ပို့သော အာရှနိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၆၀၊ အင်ဒိုနီး ရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၇၅ တန်နှင့် ဗီယက်နမ်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၀ တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော အီတလီနိုင်ငံသို့ ဆန် ၃၂၅ တန်၊ စပိန်နိုင်ငံသို့ ဆန် ၇၅ တန်၊ ပြင်သစ်နိုင်ငံသို့ ဆန် ၂၅ တန်နှင့် ဥရောပတောင်ပိုင်းရှိ အန်ဒိုရာနိုင်ငံသို့ ဆန် ၇၆၅ တန် တင်ပို့သဖြင့် ဈေးကွက်သစ် ရရှိခဲ့သည်။ အာဖရိကနိုင်ငံဖြစ်သော နယူးဂီနီနိုင်ငံသို့ ဆန် ၂၅ တန် တင်ပို့ခဲ့သည်။

နိုဝင်ဘာလ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၇၃၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၃၇၀ ကျော် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု တန်ချိန် ၆၂၁၀ ကျော်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၅ သန်း ရရှိခဲ့သည်။

**ဆန်ကွဲ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၀၄ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၅၈၈၀ ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၈၈၈၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲ ၇၀၀၀ ကျော်တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ၇၄၈၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၈၀ နှင့်ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၂၀ တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင် နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၈၀၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၂၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၀ နှင့် ချက်သမ္မတနိုင်ငံသို့ ဆန်ကွဲ ၂၆ တန် တင်ပို့ခဲ့သည်။

နိုဝင်ဘာလ ပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၇၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၁၆၇၅၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၈၈ သန်း ရရှိခဲ့သည်။

**DAAT**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၇-၁၁-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၉၈ | ၅၉၇ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၈၃ | ၅၈၃ | ↑ | ၆၅၇ | ၆၅၇ | ↑ | | | | ၅၆၇ | ၅၇၂ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၅၈ | ၅၆၀ | ↓ | ၆၄၂ | ၆၄၇ | ↑ | | | | ၄၉၂ | ၄၉၀ | ↓ |
| ပေါင်းဆန် | ၅၈၃ | ၅၈၃ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီး(၁၇-၁၁-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၆၀၀၀ | - | ၆၀၀၀၀ | ↑ | | | ၁၂၅၀၀၀ | - |
| ပဲခူး | ၁၆၅၆၀ | ↑ | ၆၃၀၀၀ | ↑ | | | - | - |
| စစ်တွေ | ၁၇၉၀၀ | - | ၇၀၀၀၀ | - | ၂၄၀၀၀ | - | ၁၁၀၀၀၀ | ↑ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၄၅၀၀ | | ၆၂၀၀၀ | - | | | | |
| မော်လမြိုင် | ၁၈၅၀၀ | | ၇၃၀၀၀ | - | ၂၅၅၀၀ | | ၁၀၆၀၀၀ | - |
| မန္တလေး | ၂၅၀၀၀ | - | ၉၆၀၀၀ | - | | | ၁၃၆၀၀၀ | - |
| မကွေး | ၁၉၅၀၀ | | ၈၈၀၀၀ | | | | ၁၄၄၀၀၀ | - |
| မြိတ် | ၁၉၀၀၀ | - | ၇၇၅၀၀ | - | | | ၁၂၈၀၀၀ | - |
| ဘားအံ | ၁၇၀၀၀ | - | ၆၈၀၀၀ | - | | | ၁၁၄၀၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။



### တောင်ငူမြို့တွင် ပေါ်ဆန်းဈေးကျပြီး ဧည့်မထနှင့်ဆန်ကွဲ ဈေးအနည်းငယ်တက်

တောင်ငူမြို့တွင် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဒေသပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ဈေးနှုန်းကျဆင်းပြီး ဧည့်မထဆန်သစ်မှာ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၃၀၀၀ အထိ ဈေးနှုန်းရှိသည်။

စပါးအသစ်မှာ တင်း ၁၀၀ လျှင် ကျပ် ၁၇၅၀၀၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်တက်သည်။ ဆန်ကွဲကြီးမှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ဆန်ကွဲသေးမှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်အိတ်လျှင် ကျပ် ၄၁၀၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်တက်ပြီး ဖွဲနုမှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ဖြင့် ဈေးနှုန်း အနည်းငယ်ကျဆင်းသည်။

မတ်ပဲ(အိတ် ၃၀ ပိဿာ)မှာ ယခင်တစ်ပတ်က တစ်အိတ်လျှင် ကျပ် ၁၄၁၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ဖြင့် ဈေးနှုန်းအနည်းကျဆင်းကြောင်း တောင်ငူမြို့ရှိ ဆန်၊ စပါး၊ ပဲပွဲရုံများမှ သိရသည်။ **နေစိုးထက် (တောင်ငူ)**

# ပြည်ကုန်စည်ဒိုင်၏ နိုဝင်ဘာလ ပဲမျိုးစုံဈေးနှုန်း

ပြည်ခရိုင်အတွင်းရှိ ပြည်ကုန်စည်ဒိုင်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ပဲအရောင်းအဝယ်မှာ သွက်လျက်ရှိကြောင်းသိရှိရသည်။

**မတ်ပဲ**

နိုဝင်ဘာလ ဒုတိယပတ်တွင် ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲဈေးတက်နေပြီး ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀-၉၄၀၀၀ ခန့်ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၂၀၀ ခန့် ရှိသည်။ နိုဝင်ဘာလ တတိယပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၉၂၅၀၀ ဖြင့် အရောင်းအဝယ်တစ်ရက်ကို အိတ် ၁၀၀ -၂၀၀ ခန့် အဝယ်ရှိလျက်ရှိသည်။

**ပဲတီစိမ်း**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ ဒုတိယပတ်တွင် ပဲတီစိမ်းသစ်များ ပန်းတောင်းဘက်မှ အဝင်ရှိလာပြီး ပဲတစ်တင်းကို ကျပ် ၅၄၀၀၀ ဖြင့် ဈေးစဖွင့်ခဲ့သည်။ ပဲတီစိမ်းသစ်များ တစ်ရက် အိတ် ၁၀၀-၂၀၀ခန့် ဝင်စပြုနေပြီး လှော်သမားများသာ အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၁၀၀ -၂၀၀ ခန့်သာ မြို့တွင်းအဝယ်ရှိသည်။ နိုဝင်ဘာ တတိယပတ်တွင် ပဲတီစိမ်းဈေးတက်လာပြီး တစ်တင်းကို ကျပ် ၉၄၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး တစ်ရက်ကို အိတ် ၁၀၀-၂၀၀ခန့် မန္တလေး အဝယ်ရှိခဲ့သည်။

**ပဲစင်းငုံ**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ ဒုတိယပတ်တွင် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် တစ်ခါတစ်ရံ ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၂၀၀ခန့်ရှိသည်။ နိုဝင်ဘာလ တတိယအပတ်တွင် ပဲစင်းငုံဈေးအေးနေပြီး ပဲတစ်တင်းကို ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ခါတစ်ရံရှိသည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်၏ နိုဝင်ဘာလ ဒုတိယပတ်တွင် ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၉၂၅၀၀၊ မြကြေးမုံ တစ်တင်းလျှင် ကျပ် ၉၅၅၀၀ ဖြင့် မြို့တွင်းပဲစက်သမားများ တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့်အဝယ်ရှိသည်။ နိုဝင်ဘာလ တတိယပတ်တွင် မတ်ပဲ ဈေးကျပြီး ကုလားပဲ (HL) တစ်တင်းကို ကျပ် ၉၀၅၀၀၊ မြကြေးမုံ တစ်တင်းကို ကျပ် ၉၀၅၀၀ ဖြင့် မြို့တွင်းခွဲစက်သမားနှင့် ရန်ကုန်ဝယ်လက် တစ်ရက်ကို အိတ် ၃၀၀ခန့် အဝယ်ရှိသည်။

**ပဲကြီး**

ပြည်ကုန်စည်ဒိုင်တွင် နိုဝင်ဘာလ ဒုတိယပတ်တွင် ပဲကြီး ဈေးတက်နေပြီး ပဲကြီး (ရွှေကျွန်း)တစ်တင်းကို ကျပ် ၁၃၀၀၀၀၊ ပဲကြီး (ကုန်းပဲ)တစ်တင်းကို ကျပ် ၁၂၇၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၃၀၀ ခန့်အဝယ်ရှိသည်။ နိုဝင်ဘာ တတိယပတ်တွင် ပဲဈေးနှုန်းအေးနေပြီး ပဲကြီး (ရွှေကျွန်း)တစ်တင်းကို ကျပ် ၁၃၀၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းကို ကျပ် ၁၂၇၀၀၀ဖြင့် မြို့တွင်း အဝယ်တစ်ရက်ကို အိတ်၃၀၀ - ၃၅၀ခန့် အဝယ်ရှိသည်။

**စားတော်ပဲ**

ပြည်ကုန်စည်ဒိုင်၏ နိုဝင်ဘာလ တတိယပတ်တွင် စားတော်ပဲတစ်တင်းကို ကျပ် ၁၂၅၀၀၀ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၂၀ - ၂၅ခန့်အဝယ်ရှိပြီး ဈေးအေးနေသည်။

**ဗိုလ်ကိတ်ပဲ**

နိုဝင်ဘာလ ဒုတိယပတ်တွင် ဗိုလ်ကိတ်ပဲအသစ်များ အဝင်ရှိပြီး ကျပ် ၆၅၀၀၀ဖြင့် ဈေးဖွင့်ခဲ့သည်။ အရောင်းအဝယ်မှာ တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့် မြို့တွင်းနှင့် ရန်ကုန်အဝယ်ရှိခဲ့သည်။ နိုဝင်ဘာလ တတိယပတ်တွင် ဗိုလ်ကိတ်တစ်တင်းလျှင် ကျပ် ၆၅၀၀၀ - ၆၆၀၀၀ဖြင့် မြို့တွင်း အတွင်း တစ်ရက်ကို အိတ် ၅၀ခန့် အဝယ်ရှိသည်။

ပြည်ကုန်စည်ဒိုင်တွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးဈေးတို့မှာ တက်လျက်ရှိပြီး စားတော်ပဲ၊ ဗိုလ်ကိတ်ပဲ၊ ပဲစဉ်းငုံ တို့မှာ ဈေးငြိမ်လျက်ရှိကြောင်း သိရှိရသည်။

**မိမိအေး(ပြည်)**

# ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းနှင့် ဗိုလ်ကိတ်ပဲများ ဝင်ရောက်မှုများလာ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲဈေးကွက်သို့ ဆောင်းပဲတီစိမ်းသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ တစ်ရက် အိတ် ၂၀၀၊၃၀၀ ကျော်ထိ ဝင်ရောက်မှုရှိလာခဲ့သည်။ ဈေးနှုန်းအနေဖြင့် ပဲတစ်တင်း ကျပ် ၅၃၅၀၀ မှ ၅၄၅၀၀ အထိ ပဲအရည်အသွေးပေါ်မူတည်၍ ရောင်းဝယ်မှုဖြစ်ကြသည်။

ပြည်ပဲမျိုးစုံဈေးကွက်သို့ ဗိုလ်ကိတ်ပဲသစ်များ စတင်ဝင်ရောက်လာပြီဖြစ်သည်။ တစ်ရက်လျှင် အိတ် ၄၀-၅၀ ကျော် ဝင်ရောက်ခြင်းရှိခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဒေသတွင်း လက်လီသမားများအပြင် လက်ကားဝယ်ယူမှုအနေဖြင့် ရန်ကုန်ဝယ်လက် များလည်း အဝယ်ရှိခဲ့တာကြောင့် ဝင်ရောက်လာသမျှ အရောင်း အဝယ်ဖြစ်ခဲ့ကြသည်။

ပဲဈေးမှာ တစ်တင်း ကျပ် ၆၈၀၀၀ ဖြင့် ယခင်နှစ်ဈေးထက် ဈေးပိုရလာ ခဲ့သည်။ ယခင်နှစ်က ဗိုလ်ကိတ်ပဲသီးနှံ တစ်တင်း ကျပ် ငါးသောင်းအောက်သာ ရရှိခဲ့ပြီး ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဖြင့်သာ ရောင်းဝယ်ခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတန်ချိန် နှစ်သောင်းရှစ်ရာကျော် တင်ပို့ခဲ့

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ကာလအတွင်း ပဲမျိုးစုံတင်ပို့မှုများ အနက်မှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ကုန်သွယ်မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ဒသမ ၁၀၆ သန်းနှင့် တန်ချိန် ၂၈၆၀၀ ကျော်ရှိကြောင်း တန်ချိန် တန်ဖိုးနှင့်အတူ ဖော်ပြလိုက်ပါသည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ဒသမ ၂၃၅ သန်းဖိုးနှင့် တန်ချိန် ၂၂၉၀၀ ဖြစ်ပြီး နိုင်ငံအလိုက် တင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၀၄၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၀ကျော်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၆၂၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၃၀၀နှင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ထို့ပြင် မြန်မာ-ထိုင်းနယ်စပ်မှလည်း မတ်ပဲ ၆၄ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

**ပဲတီစိမ်း**

ပဲတီစိမ်း တင်ပို့မှုမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ၃၇၈ သန်းဖိုးနှင့် တန်ချိန် ၄၅၃၀ ကျော်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၅၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၂၂၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တန်ချိန် ၇၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၅၀၀ တင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း ကုန်သွယ်မှုရှိခဲ့ကြောင်း သိရသည်။

**ပဲစင်းငုံ**

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၁၁၃၀ ကျော်တင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၅၀ ကျော်တင်ပို့ပြီး စင်ကာပူနိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

နိုဝင်ဘာ ဒုတိယပတ်အတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ တန်ချိန် ၂၈၆၀၀ ကျော် ကုန် သွယ်မှုရှိခဲ့ကြောင်း သိရသည်။

**CJ**



# ငါန်းဇွန်မြို့နယ်တွင် မိုးဦးမြေပဲများ ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် မိုးမြေပဲကို ဒေသအခေါ် မိုးဦးနှင့် မိုးလယ်ဟူ၍ နှစ်ပိုင်းခွဲ၍ စိုက်ပျိုးကြရာ မိုးဦးမြေပဲကို နှစ်စဉ်မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးကြပြီး မိုးလယ်မြေပဲကို ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးကြကြောင်း သိရှိရသည်။ ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စက်တင်ဘာလ ဒုတိယပတ်မှစ၍ မိုးဦးမြေပဲများကို စတင်ရိတ်သိမ်းခဲ့ရာ အောက်တိုဘာလကုန်တွင် အစောစိုက်မိုးဦးမြေပဲ ၃၂၂၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၄၇ ဒသမ ၅၂ တင်းနှုန်းခန့်ထွက်ရှိကြောင်း သိရှိရသည်။

ငါန်းဇွန်မြို့နယ်အနေဖြင့် ယခင်နှစ်မိုးမြေပဲစုစုပေါင်း စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ဧက ၁၈၂၆၀ ရှိခဲ့ပြီး စိုက်ပျိုးနိုင်မှုမှာ ၁၈၃၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၄၇ တင်းနှုန်း ထွက်ရှိခဲ့သည်။ ၂၀၂၃ နှစ်တွင် မိုးမြေပဲစုစုပေါင်းစိုက်ပျိုးရန် လျာထားဧက ၁၈၂၆၅ ဧကရှိပြီး စိုက်ပျိုးမှုအနေဖြင့် ၁၈၉၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

တောင်သူများမှာ မိမိတို့၏ မြေယာဖြစ်ထွန်းမှု၊ ရာသီဥတုအခြေအနေနှင့် တိရစ္ဆာန်များ ဖျက်ဆီးစားသောက်မှု အခြေအနေများပေါ်မူတည်၍ တစ်ဧကလျှင် မြေပဲဆန် ၁၀ ပြည် မှ၁၈ ပြည်ဝန်းကျင်နှုန်းများဖြင့် ထည့်သွင်းစိုက်ပျိုးကြသည်။ နေရာဒေသနှင့် မြေအခြေအနေပေါ်မူတည်၍ တချို့မှာ ပင်ပြားပဲမျိုးကို စိုက်ကျင်းဖော်၍ စိုက်ပင်တစ်ကျင်းလျှင် မြေပဲဆန်စေ့(၄၊ ၅) စေ့နှုန်းဖြင့် ထည့်သွင်းစိုက်ပျိုးကြပြီး တချို့မှာလည်း ပင်ထောင်မျိုးကို တန်းဆွဲ၍ စိုက်ပျိုးမှုများလည်းရှိသည်။

ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာအများစုမှာ မြေပဲကို ပဲစင်းငုံသီးနှံနှင့်ရော၍ သီးညှပ်စိုက်ပျိုးမှုမှာများကြောင်း သိရှိရသည်။ ယခင်နှစ်ပဲစိုက်ရာသီတွင် မျိုးပဲဈေးနှုန်းအနေဖြင့် ပဲဆန်တစ်ပြည်လျှင် ကျပ် ၅၀၀၀ အတောင့် တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဝန်းကျင်သာရှိခဲ့ပြီး ယခုနှစ်မြေပဲစိုက်ပျိုးချိန်တွင် မျိုးပဲဆန်တစ်ပြည်လျှင် ကျပ် ၇၀၀၀၊ အတောင့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်ရှိကြောင်း သရက္ကန်အုပ်စု အောင်ချမ်းသာကျေးရွာမှ မြေပဲစိုက်တောင်သူများထံမှ သိရှိရသည်။ အုပ်စုအတွင်းရှိ ကျေးရွာများအနေဖြင့် ပင်ထောင်မျိုးများကို အတန်းဆွဲ၍ အတန်းချစိုက်ပျိုးကြပြီး မိုးမြေပဲနှင့်အတူ ပဲစင်းငုံသီးနှံကို မြေပဲစိုက် တန်းလေးတန်းလျှင် ပဲစင်းငုံ တစ်တန်းနှုန်းဖြင့် သီးညှပ်ထည့်သွင်းစိုက်ပျိုးကြသည်။

မိုးဦးမြေပဲကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ထွက်ပေါ်လေ့ရှိရာ အောက်တိုဘာလကုန်တွင် မိုးဦးမြေပဲများ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။ ယခုနှစ်တွင် အစောစိုက် မိုးဦး မြေပဲများထွက် ပေါ်ချိန် မြေပဲတောင့် အစိုတစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ အခြောက်တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဝန်းကျင်များဖြင့် ကျေးရွာများတွင်အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ် မိုးဦးမြေပဲပေါ်ချိန်တွင် အဖွင့်ဈေးအနေဖြင့် မြေပဲအခြောက် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့်စတင်၍ မိုးဦးမြေပဲတုံးချိန်တွင် ကျပ် ၃၃၀၀၀ ဝန်းကျင် ရှိခဲ့ကြောင်း သိရှိရသည်။

ယခင်နှစ်တွင် တောင်သူစိုက်ကွက် တစ်ဧကအထွက်နှုန်း အနေဖြင့် တင်း ၃၀ မှ တင်း ၄၀နှုန်းခန့်ထိ ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင် မိုးလိုသည့်အချိန်တွင် မိုးရွာသွန်းမှု နည်းခဲ့သည့်အတွက် တစ်ဧကလျှင် ၃၀- ၃၂ တင်း ဝန်းကျင်သာ ထွက်ရှိခဲ့ကြောင်းနှင့် စိုက်ပျိုးသည့် ယာမြေ၊ ရာသီဥတုနှင့် အပင်ပြုစုမှုအပေါ်မူတည်၍ အထွက်နှုန်းများပြောင်းလဲကွာခြားမှုရှိကြောင်း၊ ယခုနှစ် အောက်တိုဘာလကုန်တွင် မိုးဦး မြေပဲ အပိတ်ဈေးအနေဖြင့် ကျပ် ၃၀၀၀၀ ဝန်းကျင်သာရှိတော့ကြောင်း၊ မိုးလယ်မြေပဲများမှာလည်း ယခု နိုဝင်ဘာလ ဒုတိယပတ်တွင် အနည်းငယ် စတင်ရိတ်သိမ်းထွက်ပေါ်နေပြီး လာရောက်ဝယ်ယူသူ မရှိသေးသည့်အတွက် ဈေးနှုန်းဈေးကွက် မရှိသေးသော်လည်း မြေပဲဈေး ပြန်ကောင်းလာနိုင်ကြောင်း အောင်ချမ်းသာကျေးရွာ မြေပဲစိုက် တောင်သူများထံမှ သိရှိရသည်။

**စောသန်းအောင်**



# သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

မီးခိုးမှတ်နိမ့်သော စားသုံးဆီများကို ဖြစ်စေ၊ မပြည့်ဝမှုများသော ပိုလီဆီများကိုဖြစ်စေ အပူချိန်အမြင့်တွင် အချိန်ကြာကြာ အသုံးပြုသည့်အခါ စားသုံးဆီ၏ ဓာတုဖွဲ့စည်းပုံ ပျက်စီးလာပြီး အဆီအက်စစ်ဓာတ်များ (Free Fatty Acid)နှင့် ပိုလာဒြပ်ပေါင်းများ (Polar Compounds) ထွက်ပေါ်လာကာ အပူကြောင့် ဓာတ်တိုးခြင်း (Thermal Oxidation) ဖြစ်စဉ်ဖြစ်ပေါ်လာသည်။ ၎င်းဖြစ်စဉ်ကြောင့် ဆီ၏ပါရောက်ဆိုဒ်တန်ဖိုး မြင့်တက်လာခြင်းနှင့်အတူ ဆီသားတည်မြဲမှု (Oil Stability) လည်း ကျဆင်းလာလေ့ရှိသည်။

ထိုကဲ့သို့ အသုံးပြုနေသည့် အချိန်အတွင်း၌ပင် ဆီသားပျက်စီးမှုဖြစ်လာသော ဆီဖြင့် ကြွပ်ကြွပ်ရွရွဖြစ်အောင် ကြော်လှော်ထားသော အစားအစာများသည် လူတို့၏ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသော အစားအစာများဖြစ်သည်။

မီးခိုးများထွက်လာသည်အထိ အသုံးပြုပြီးသော စားသုံးဆီသည် အရည်အသွေး ကျဆင်းနေသော ဆီသာဖြစ်သည်။ ၎င်းဆီမျိုးကို နောက်တစ်ကြိမ်ပြန်သုံးပါက ပြန်ကြော်ဆီ (Reused Oil) ဟုသတ်မှတ်နိုင်ပြီး ပထမကြော်ပြီးသော ပစ္စည်း၏ အနံ့၊ အရသာနှင့် အမှုန်အမွှားများသည် ဒုတိယအကြော်ခံပစ္စည်းပေါ်သို့ ကူးစက်ခြင်း၊ ဖွဲ့စည်းပုံ ပျက်နေသော ဆီဖြင့် ကြော်ထားသော အစားအစာဖြစ်ခြင်းတို့ကြောင့် စားသုံးသူ၏ ကိုယ်ခန္ဓာအတွင်း၌ ဓာတ်တိုးမှုများ ဖြစ်ပေါ်လာရပြီး အရွယ်မတိုင်မီ အိုမင်းခြင်း၊ အဝလွန်ခြင်းများအပြင် ကင်ဆာဖြစ်ပွားစေသော ဆဲလ်များကိုပါ တိုးပွားစေခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil)အုပ်စုဝင်ဆီများ၏ ဓာတ်ဖွဲ့စည်းပုံအရ ဂလစ်စရောနှင့် အဆီအက်စစ်များအပြင် အနံ့ပေးပစ္စည်း၊ အရောင်ပေးပစ္စည်းများနှင့်အတူ သဘာဝအတိုင်း ပါဝင်နေသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) လည်း တွဲဆက်လျက်ရှိနေသည်။ ဥပမာအားဖြင့် ဖွဲနုဆီတွင် တိုကိုဖီရောလ် (Tocopherols)၊ တိုကိုထရိုင်အီနော (Tocotrienols) စသည့် ဗီတာမင်အီး ဒြပ်နှော (Vitamin E Complex)၊ အပင်ထွက်စတီရော (Phytosterols)၊ ပိုလီဖီနောလ် (Polyphenol) တို့အပြင် အားကောင်းသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်ခုဖြစ်သည့် ဂမ်မာအိုရီဇနော (- Orizanol ) ပါဝင်နေသည်။ နှမ်းဆီ၌မူ ဖီနောလ်အုပ်စုင် ဓာတ်တိုးဆန့်ကျင် ပစ္စည်းများဖြစ်သည့် (Sesamol) နှင့် (Sesaminol) တို့ပါဝင်နေသည်။ ၎င်းဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် လူတို့၏ ကျန်းမာရေးအတွက် များစွာ အထောက်အကူ ပြုရုံမျှမက အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း ဘေးမှလည်း ကင်းဝေးစေနိုင်သည့် ဂုဏ်သတ္တိများရှိကြသည်။ ၎င်းဓာတ်များကို လူတို့၏ခန္ဓာကိုယ်မှ သဘာဝအတိုင်း ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ထိုဓာတ်များပါဝင်နေသော စားသုံးဆီများကို နည်းလမ်းမှန်ကန်စွာ စနစ်တကျ စားသောက်ခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်သည်။

စားသုံးဆီတွင် သဘာဝအတိုင်း ပါဝင်နေသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အပူကြောင့် ပျက်စီးတတ်ကြသည်။ ထို့ကြောင့် မီးခိုးမှတ်မြင့်သော စားသုံးဆီများ ဖြစ်ကြစေကာမူ လူတို့၏ကျန်းမာရေးအတွက် အလွန်အကျိုးရှိစေသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို မပျောက်ပျက်စေခြင်းအလို့ငှာ အပူချိန်အနိမ့်၌ ချက်ပြုတ်သင့်သည်။ သို့မဟုတ်ပါက အပူပေးရန်မလိုသော လက်သုတ်ဆီ၊ ဟင်းလျာပြုပြင်ရာတွင် အသုံးပြုသောဆီ (Salad Oil/ Dressing/ Finishing Oil) အဖြစ်သာ အသုံးပြုသင့်သည်။

မိမိတို့နိုင်ငံတွင် အများဆုံး အသုံးပြုနေကြသော ဟင်းသီးဟင်းရွက်ဆီများမှာ မြေပဲဆီ၊ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီနှင့် နှမ်းဆီတို့ဖြစ်ကြသည်။ မီးခိုးမှတ်စစ် ဆေးချက်အနေဖြင့် မြေပဲဆီ (၄၅၀ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ဒီဂရီစင်တီဂရိတ်)၊ စားအုန်းဆီ (၄၄၆ ဒီဂရီဖာရင်ဟိုက်၊ ၂၃၀ ဒီဂရီစင်တီဂရိတ်)၊ နေကြာဆီ(၄၅၀ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ ဒီဂရီစင်တီဂရိတ်)၊ ပဲပုပ်ဆီ ( ၄၅၀ ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ ဒီဂရီစင်တီဂရိတ်)၊ ဖွဲနုဆီ (၄၉၀ ဒီဂရီဖာရင်ဟိုက်၊ ၂၅၅ဒီဂရီစင်တီဂရိတ်) နှင့် နှမ်းဆီ (၄၁၀ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ဒီဂရီစင်တီဂရိတ်) တို့ဖြစ်သည်။

(http:// curiouscuisiniere.com/ Smoke Point of Common Cooking Fats)

မီးခိုးမှတ် စစ်ဆေးချက်များအရ မိမိတို့နိုင်ငံတွင် စားသုံးနေကြသော စားသုံးဆီများသည် မီးခိုးမှတ်မြင့်သော စားသုံးဆီများ ဖြစ်ကြသည်။ ဓာတုဗေဒဆိုင်ရာ ဖွဲ့စည်းပုံအရ မြေပဲဆီနှင့်ဖွဲနုဆီသည် မိုနိုမပြည့်ဝဆီများ ဖြစ်ကာ နေကြာဆီ၊ ပဲပုပ်ဆီနှင့် နှမ်းဆီတို့သည် ပိုလီမပြည့်ဝဆီများ ဖြစ်ကြသည်။ ထူးခြားမှုအနေဖြင့် စားအုန်းဆီသည် ၎င်း၏ အဆီအက်စစ်ဖွဲ့စည်းပုံအရပြည့်ဝအဆီအက်စစ်နှင့် မပြည့်ဝအဆီအက်စစ်တို့ ဆတူနီးပါး ပါဝင်ပေါင်းစပ်ထားသောဆီဖြစ်သည်။

ထို့ကြောင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း များစွာပါဝင်နေသော ဖွဲနုဆီနှင့် မပြည့်ဝအဆီအက်စစ်အပိုင်း များစွာပါဝင်သော နေကြာဆီ နှင့် ပဲပုပ်ဆီတို့ကို အပူချိန်နိမ့်နိမ့်တွင် သာချက်ပြုတ်ရန်၊ မပြည့်ဝအဆီအက်စစ်အပိုင်း များစွာပါဝင်ပြီး ပေါ်လီဖီနောလ်အုပ်စုဝင် ရနံ့ပေးပစ္စည်း ကြွယ်ဝစွာ ပါဝင်သော နှမ်းဆီသန့်ကိုမူ အပူပေးရန်မလိုအပ်သော လက်သုတ်ဆီအဖြစ် အသုံးပြုရန်နှင့် မြေပဲဆီ၊ စားအုန်းဆီတို့အား အပူချိန်အမြင့်တွင် နှစ်ကြော်၊ အိုးကပ်ကြော် ကြော်ရာ၌ အသုံးပြုရန်တို့ကို အကြံပြုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့အသုံးပြုနေသည့် စားသုံးဆီအမျိုးအစားနှင့် သင့်လျော်မည့် ချက်ပြုတ်နည်းစနစ်များကို သေချာစွာသိရှိထားခြင်းဖြင့် နေ့စဉ် ချက်ပြုတ်စားသောက်နေရသော လူနေမှုဘဝများအတွက် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများမှ ကင်းဝေးကြစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။

## မြန်မာ့ဆိပ်ကမ်းတွင် ၁၇ . ၁၁ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | ISEACO FORTUNE | ကုန်သေတ္တာ ၈၁၂ တင် ၅၄၃ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | BANGKOK | ကုန်သေတ္တာ ၉၅၄ တင် ၆၀၆ ချ |
| | MSC ANDREA F | ကုန်သေတ္တာ ၃၇၅ တင် ၃၆၄ ချ |
| | ISEACO GENESIS | ကုန်သေတ္တာ ၈၄၆တင် ၉၄၅ ချဆဲ (ပူးတွဲလုပ်ဆောင်ဆဲ) |
| | UNI ACTIVE | ကုန်သေတ္တာ၆၁၅တင်၃၉၃ချ (ပူးတွဲလုပ်ဆောင်ဆဲ) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CONTRIVIA | ကုန်သေတ္တာ၈၁၇တင်၅၉၉ချ(ပူးတွဲလုပ်ဆောင်ဆဲ) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | AN HAI STAR | ဆန်( In 50 kg Bags) ၁၀၀၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၆) | AMARILLO | Urea (In Bulk) ၂၄၆၀၂ တင်ဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | ISEACO FORTUNE | ကုန်သေတ္တာ၁၉၀ တင် ၃၀၂ ချ(ပူးတွဲလုပ်ဆောင်ဆဲ) |
| WILMAR JETTY | VL-21 | P.Oil (In Bulk)၄၈၇၂ ချဆဲ |
| သီလဝါ IBTT ဆိပ်ကမ်း | RED ORCHID | Soy Bean Meal ၂၀၉၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HUONG NAM-1 | Riceတန်ချိန် ၅၀၀၀ တန်တင်ရန် | INDONESIA | ၂၀.၁၁.၂၀၂၃ |
| YI HUI XIN HAI | (4) Units ၁၅၂ ချရန် | GHANA | ၂၁.၁၁.၂၀၂၃ |
| AQULA GLORY | Iron Slag ၁၁၆၅၀ တန်ချရန် | JAPAN | ၂၇.၁၁.၂၀၂၃ |
| ITALIDA-2 | Soy Bean Meal, ၂၃၇၆၀ တန်ချရန် | BRAZIL | ၁၂.၁၂.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁၁.၂၀၂၃ |
| SITC CHANGMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁၁.၂၀၂၃ |
| MCC ANDALAS | SINGAPORE | အေးရှားဝေါလ်/သီလဝါဆိပ်ကမ်း | ၁၈.၁၁.၂၀၂၃ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၁၁.၂၀၂၃ |
| SINAR BAJO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁.၁၁.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၁၁.၂၀၂၃ |
| LUDWIG SCHULTE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂.၁၁.၂၀၂၃ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၁၁.၂၀၂၃ |
| SITC YUANMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၁.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၁.၂၀၂၃ |
| KOTA RUKUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁၁.၂၀၂၃ |



## ၂-၁၁-၂၀၂၃ မှ ၁၅-၁၁-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 675 | 8 | - | - | - | 683 |
| | Form AANZ | 18 | - | - | - | - | 18 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 275 | 3 | - | - | - | 278 |
| | Form AJ | 37 | 2 | - | - | - | 39 |
| | Form AK | 200 | - | - | - | - | 200 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 16 | 1 | - | - | - | 17 |
| | Form E | 546 | 21 | - | - | - | 567 |
| | Form Korea | 16 | 1 | - | - | - | 17 |
| | E Form D | 398 | - | - | - | - | 398 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2183 | 36 | - | - | - | 2219 |

# အရည်အသွေးစိတ်ချရသည့် ကုန်အမှတ်တံဆိပ် (Logo)ပါသည့် ရွှေဘိုပေါ်ဆန်းဆန်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ရွှေဘိုပေါ်ဆန်း (G.I) ရရှိရေးအတွက် ပြင်သစ်နိုင်ငံ AFD (France Development Agency) ၏ ထောက်ပံ့ကူညီမှုဖြင့် Recognition and Promotion of Geographical indication in Cambodia, Lao PDR and Myanmar (မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဒေသဆိုင်ရာ အညွှန်းများကို အသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ခြင်းစီမံကိန်း)ကို GRETMyanmar အဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုလက်ရှိအချိန်တွင် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းအနေဖြင့် ရွှေဘိုပေါ်ဆန်း (G.I)အမှတ်တံဆိပ်ရစေရန် ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် ဈေးကွက်အတွင်း၌ ရွှေဘိုပေါ်ဆန်းဆန်ကို အခြားဆန်များနှင့် ရောနှောရောင်းချခြင်းနှင့် အတုအပများ ရောင်းချခြင်းမှ ကာကွယ်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ရွှေဘိုပေါ်ဆန်း ဆန်အိတ်များတွင် ရွှေဘိုပေါ်ဆန်း ကုန်အမှတ်တံဆိပ်(Logo)ကိုရိုက်နှိပ်ပြီး စတင် ထုတ်ဝေတော့မည်ဖြစ်ကြောင်း၊ ရွှေဘိုပေါ်ဆန်းကုန်အမှတ်တံဆိပ် (Logo) ပါသည့်ဆန်များကို ရွေးချယ်ဝယ်ယူခြင်းအားဖြင့် ရွှေဘိုပေါ်ဆန်း (G.I)ဧရိယာမြို့နယ်များတွင်ရှိသော တောင်သူများက စိုက်ပျိုးထုတ်လုပ်ထားသည့် ရွှေဘိုပေါ်ဆန်းဆန်စစ်စစ်ကို ရရှိစေနိုင်ခြင်း၊ ရွှေဘိုပေါ်ဆန်း Inspector အဖွဲ့များနှင့် အရည်အသွေးကို စနစ်တကျစမ်းသပ်စစ်ဆေးထား၍ အရည်အသွေးအာမခံချက်ရှိခြင်း၊ အတုအပများ အရောအနှောကင်းခြင်း၊ စစ်မှန်သည့် အရည်အသွေးအပေါ် အာမခံခြင်းများအပြင် နောက်ကြောင်းပြန်စစ်ဆေးမှုများ ဆောင်ရွက်နိုင်သဖြင့် ရွှေဘိုပေါ်ဆန်းဆန် စစ်စစ်ကိုသာ ဝယ်ယူရောင်းချလိုသော လုပ်ငန်းရှင်များနှင့် စားသုံးလိုသော ပြည်သူများအနေဖြင့် ရွှေဘိုပေါ်ဆန်းကုန်အမှတ်တံဆိပ် (Logo)ပါသောဆန်အိတ်များကို ဝယ်ယူအသုံးပြုနိုင်ကြောင်း သိရသည်။

**နှင်းနှင်းခိုင်(ရွှေဘို)**

# အညာဒေသထွက် ပဲစောင်းလျားသီးများ ဖြိုင်ဖြိုင်ထွက်ပေါ်လျက်ရှိ

အညာဒေသတွင် မီးဖိုချောင်အသုံးစရိတ်များကာမိအောင် တောင်သူဦးကြီးများက သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိသည်။မီးဖိုချောင်အသုံးစရိတ်မှသည် စီးပွားဖြစ်အထိ မျှော်မှန်း၍ တစ်နိုင်တစ်ပိုင်မှ ဇကအလိုက် စိုက်ပျိုးလာကြသည်။ ပဲစောင်းလျားသီးပင်သည် အသီးတစ်မျိုးတည်းသာ စားရသော အပင်နှင့် အမြစ်၊ အညွှန့်၊ အသီးအထိ စားရသော အပင်ဟူ၍ နှစ်မျိုးရှိသည်။

အသီးသာစားရသော အပင်သည် တစ်နှစ်ပတ်လုံးရှိပြီး အသီးများမှာ မာဆတ်သည့်သဘောရှိသည်။ အညာဒေသထွက် ပဲစောင်းလျားသီးမှာနူးညံ့ပြီး အရသာပိုချိုသည်။ ယခုပေါ်ချိန် ပေါ်ဦးပေါ်စတွင် ၁၅ တောင့်တစ်စည်းလျှင် ကျပ် ၂၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပြီး မကြာမီကာလအတွင်း ပဲမြစ်များလည်း ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ ပဲစောင်းလျားသီးများကို ကိုယ်တိုင်ခူးဆွတ်၍ အစည်းလေးများစည်းကာရောင်းချသလို အခင်းထဲအရောက် လာဝယ်သူများရှိပါကလည်း ပြန်လည် ရောင်းချနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးကြောင်း၊ ဖြိုင်ဖြိုင်ပေါ်ချိန်တွင် ပဲစောင်းလျားသီးများကို အနေတော်လှီးဖြတ်၍ အချဉ်တည်၍ စားသုံး ကြပါကြောင်း လေ့လာသိရှိရသည်။

ပဲစောင်းလျားသီးများကို ငါးပိရည်ဖြင့် အတို့အမြုပ်အဖြစ် စားသုံးကြသလို အသီးကိုပြုတ်ပြီး ပုစွန်ခြောက်နှင့် လက်သုပ် သုပ်စားကြသည်။ ပဲစောင်းလျားသီးနှင့် ငါးရံ့၊ငါးကလေးများဖြင့် အိုးကပ်ချက်စားလျှင်လည်း ခံတွင်းကိုမြိန်စေသည်။ ပဲမြစ်တစ်ဇကစိုက်ပျိုးမှုအနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ကျပ် ၈၀၀၀၀၀ ကျော်ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်တွင် ပဲမြစ်တစ်ပိဿာလျှင် ကျပ် ၁၆၀၀ ဈေးနှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ပဲမြစ်အညွှန့်ရောင်းရငွေ ကျပ် ၃၀၀၀၀ နှင့် ပဲစောင်းလျားသီး ပေါ်ချိန်မှ အသီးတုံးချိန်အထိ ခန့်မှန်းရောင်းရငွေ ကျပ် ၃၅၀၀၀ အထိရရှိကြောင်း၊ ယခင် ပဲမြစ်အထွက်နှုန်း ပိဿာ ၈၀၀ မှ ၁၀၀၀ အထိ ထွက်ရှိကြောင်း၊ ပဲမြစ်ပေါ်ချိန်တွင်လည်း ဈေးကောင်းရရှိပါက ပဲမြစ်စိုက်တောင်သူများ အကျိုးအမြတ် ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး တောင်သူကြီးများ အပိုဝင်ငွေတိုးသည့်အပြင် စီးပွားဖြစ် အကျိုးအမြတ်များ ရရှိသောကြောင့် ပဲမြစ်သီးနှံကို စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**မော်မော်အောင်**

**စာမျက်နှာ(၃) ကနေဒါနိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ... မှအဆက်**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိသည်။ ဤကဲ့သို့ ပါဝင်ဆွေးနွေးလျက်ရှိရာတွင် မိမိတို့၏ ဆွေးနွေးဖက် မိတ်ဖက်အသစ်ဖြစ်သော ကနေဒါနိုင်ငံအနေဖြင့် ဆောင်ရွက်နေသည်များကို သိရှိကြဖို့လိုအပ်သည်။

ရည်မှန်းချက်နံပါတ်(၂)ဖြစ်သည့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် တန်ဖိုးကွင်းဆက် ကြံ့ကြံ့ခံနိုင်ရေးကို တိုးချဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ လယ်ယာကဏ္ဍကို ပိုမိုဦးစားပေးဆောင်ရွက်မည့်အနေအထားများကို လေ့လာတွေ့ရှိရသည့်အတွက် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူညီချက်မှာ မြန်မာနိုင်ငံသည် ကနေဒါနိုင်ငံနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အပြန်အလှန်အကျိုးရှိမည့် ကဏ္ဍများကို ပြင်ဆင်ထားကြရန် မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန် တိုးမြှင့်ထုတ်လုပ်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ နည်းပညာဦးစားပေး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး နောင်လာမည့် ငါးနှစ်နှင့် ၁၀ စုနှစ်အတွင်း ရေရှည်မျှော်မှန်းချက်များနှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

**ဖြိုး (ဒေသတွင်း)**

**Source: https://www.canada.ca/en/global-affairs /news /2022/11/canada-launches-indo-pacific-strategy-to-support-long-term-growth-prosperity-and-security-for-canadians.html**

## ပြည်ပဆန်ဈေးနှုန်းများ

15-11-2023 မှ 21-11-2023

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 555 - 560 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 545 - 550 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 570 - 580 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 560 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 610 - 620 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 24 | A-1 , 2 (Sortexed) | 440 - 450 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 420 - 430 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၁၁-၂၀၂၃) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၅၂၀၀ | ၅၃၀၀ | ↑ |
| ပဲခူး | ၁၆၀၀၀ | ၁၅၅၀၀ | - | | | | ၅၂၀၀ | ၅၂၀၀ | - |
| မကွေး | ၁၃၅၀၀ | ၁၃၀၀၀ | - | ၁၃၅၀၀ | ၁၃၀၀၀ | ↓ | ၅၂၀၀ | ၅၃၀၀ | ↑ |
| မော်လမြိုင် | ၁၆၀၀၀ | ၁၆၀၀၀ | - | | | | ၇၂၀၀ | ၇၄၀၀ | ↑ |
| ပြည် | ၁၃၀၀၀ | ၁၄၀၀၀ | - | ၁၂၀၀၀ | ၁၂၀၀၀ | - | ၅၃၀၀ | ၅၄၀၀ | ↑ |
| စစ်တွေ | ၁၆၀၀၀ | ၁၆၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၄၈၀၀ | ၅၀၀၀ | ↑ |

# အထူးစီးပွားရေးဇုန်နှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အဆက်အစပ်

**သိန်းမြင့်ဝေ**



အထူးစီးပွားရေးဇုန် (Special Economic Zone - SEZ) သည် သေချာသော စီးပွားရေး တိုးတက်မှု ဖန်တီးပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံရှိ ဧရိယာတစ်ခုဖြစ်သည်။ အထူးစီးပွားရေးဇုန် (SEZ) သည် အခွန်မက်လုံးနှင့် သက်သာသော အခွန်အခ ပေးဆောင်ခွင့်အပါအဝင် နိုင်ငံအတွင်းရှိ အခြားဒေသများနှင့် နှိုင်းယှဉ်ပါက ပိုမိုအဆင်ပြေသော စီးပွားရေးစည်းမျဉ်းများ ချမှတ်ထားသည်။ အဆိုပါစီးပွားရေးစည်းမျဉ်းများက နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) ကို ဆွဲဆောင်နိုင်သည်။ FDI ဆိုသည်မှာ စီးပွားရေးအကျိုးအမြတ်အတွက် နိုင်ငံတစ်နိုင်ငံ၌ ကုမ္ပဏီတစ်ခု သို့မဟုတ် လူတစ်ဦးချင်းက ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုမှန်သမျှကို ရည်ညွှန်းသည်။

## orkdk;aumif

ပထမဆုံး အထူးစီးပွားရေးဇုန်သည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ နိုင်ငံစုံ ကော်ပိုရေးရှင်းများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ဖန်တီးခဲ့ခြင်းဖြစ်သည်။ ပထမဆုံး အထူးစီးပွားရေးဇုန်ကို အိုင်ယာလန်နိုင်ငံ ရှန်နွန်လေဆိပ် (Shannon Airport) ၌ တည်ဆောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များတွင် လက်တင်အမေရိကနှင့် အရှေ့အာရှနိုင်ငံများ၌ အထူးစီးပွားရေးဇုန်များ တည်ထောင်ခဲ့သည်။ ယနေ့အထိ အအောင်မြင်ဆုံး အထူးစီးပွားရေးဇုန်များမှာ တရုတ်နိုင်ငံ၌ ရှိသည်။

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံ (United Nations Conference on Trade and Development) စာရင်းအရ ၂၀၂၂ ခုနှစ်အထိ အထူးစီးပွားရေးဇုန် ၇၀၀၀ ကျော်ရှိသည်။ ၎င်းတို့ကို ကမ္ဘာ့နေရာတိုင်း၌ တွေ့ရှိနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် အသွင်ကူးပြောင်းနေသော နိုင်ငံများ (Developing and transitional economies) ၌ စက်မှုထူထောင်ရေးအတွက် လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုသည်။

## trsdK;tpm;rsm;

အထူးစီးပွားရေးဇုန် လေးမျိုးရှိသည်။ ပထမအမျိုးအစားမှာ လွတ်လပ်သော ကုန်သွယ်မှုဇုန် (Free-Trade Zone) ဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်မှုဇုန်သည် သွင်းကုန်နှင့် တင်ပို့သည့် ကုန်ပစ္စည်းများအတွက် အထူးလုံခြုံသော နယ်မြေဖြစ်သည်။ လွတ်လပ်သော ကူးသန်းရောင်းဝယ်ရေးနယ်မြေ သို့မဟုတ် လွတ်လပ်သော နိုင်ငံခြားကုန်သွယ်မှုဇုန် (Commercial-free or Foreign-trade zones) ဟူ၍လည်း ခေါ်ဆိုသည်။ အဆိုပါနယ်မြေများ၌ အထူးအကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပါဝင်သည်။

ဒုတိယအမျိုးအစားမှာ ပို့ကုန်မြှင့်တင်ရေးဇုန် (Export Processing Zone) ဖြစ်သည်။ ယေဘုယျအားဖြင့် ပို့ကုန်မြှင့်တင်ရေးဇုန်သည် ကုန်သွယ်မှုနှင့် စက်မှုထုတ်ကုန် တင်ပို့မှုအတွက် ရည်ရွယ်သည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စီးပွားရေးတိုးတက်စေရန် ဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေးဇုန်သည် အခွန်နှင့် သွင်းကုန်ခွန် ကင်းလွတ်ခွင့်ကဲ့သို့သော အကျိုးကျေးဇူးများဖန်တီးပေးပြီး အတားအဆီး အနည်းငယ်မျှသာ ရှိသည်။

တတိယအမျိုးအစားမှာ စက်မှုဥယျာဉ် (Industrial Park)ဖြစ်သည်။ စက်မှုဇုန် သို့မဟုတ် စက်မှုဥယျာဉ်များကို စီးပွားဖြစ် သို့မဟုတ် လူနေထိုင်ခြင်းထက် စက်မှုလုပ်ငန်းအတွက် အသုံးပြုရန် ရည်ရွယ်သည်။ နောက်ဆုံးအမျိုးအစားမှာ အထူးပြုဇုန် (Specialized Zone)ဖြစ်သည်။ အထူးပြုဇုန်၌ နည်းပညာ အချက်အချာကျသောနေရာများ (Technology hubs)၊ လေဆိပ်အခြေပြုဇုန်များ (Airport-based zones) နှင့် ထောက်ပံ့ပို့ဆောင်ရေး ဥယျာဉ်များ (Logistics parks) ပါဝင်သည်။

## atmifjrifaom Zkefrsm;

နိုင်ငံအများအပြား၌ အထူးစီးပွားရေးဇုန်များ ထူထောင်ကြသော်လည်း နိုင်ငံခြား အရင်းအနှီး ဆွဲဆောင်ရန်အတွက် အထူးစီးပွားရေးဇုန် တည်ထောင်ရာတွင် တရုတ်နိုင်ငံသည် အအောင်မြင်ဆုံးဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံသူများသည် တရုတ်နိုင်ငံ၏ စီးပွားရေးအလားအလာကို စိတ်ဝင်စားသောကြောင့် ကမ္ဘာ့အရင်းအနှီးရယူရန်နှင့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရန် အတွက် ၁၉၈၀ ပြည့်နှစ်များတွင် အထူးစီးပွားရေးဇုန်များ စတင်ခဲ့သည်။ စီးပွားရေးတိုးတက်မှုကို ဆက်လက်အားပေးရန်အတွက် ၁၉၉၀ ခုနှစ်များတွင် SEZ အသစ်များ ထူထောင်ခဲ့သည်။ တရုတ်နိုင်ငံရှိ ပထမဆုံး အထူးစီးပွားရေးဇုန်လေးခုကို ၁၉၇၉ ခုနှစ်တွင် အရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသဖြစ်သည့် ရှန်ကျန်း၊ ဇူဟိုင်နှင့် ကွမ်တုံပြည်နယ် ရှန်တူးနှင့် ဖူကျန့်ပြည်နယ် ရှမင်တို့၌ တည်ဆောက်ခဲ့သည်။

တရုတ်နိုင်ငံသည် ဟိုင်နန်ကျွန်းကို ၎င်း၏ အထူးစီးပွားရေးဇုန်စာရင်း၌ ၁၉၈၃ ခုနှစ်တွင် ထည့်သွင်းခဲ့သည်။ မူလ အထူးစီးပွားရေးဇုန်များ အောင်မြင်သောကြောင့် ၁၉၈၄ ခုနှစ်တွင် ကမ်းရိုးတန်းမြို့များ၌ အထူးစီးပွားရေးဇုန် ၁၄ ခုထပ်မံတိုးချဲ့ တည်ဆောက်ခဲ့သည်။ အဆိုပါမြို့များသည်လည်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အတည်ပြုနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအား မက်လုံးပေးခြင်း၊ စက်ပစ္စည်းနှင့် နည်းပညာ အခွန်လွတ်တင်သွင်းခြင်း ကဲ့သို့သော အထူးစီးပွားရေးဇုန်၏ ကောင်းကျိုးများ ခံစားရသည်။

တရုတ်နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များသည် ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှု မြှင့်တင်ပေးသည့် လွတ်လပ်သော စီးပွားရေးပတ်ဝန်းကျင်အဖြစ် လုပ်ဆောင်ကြသည်။ တရုတ်အစိုးရသည် ယင်းဒေသများ၏ အခြေခံအဆောက်အအုံ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို အခွန်မက်လုံးများ ဆက်လက်ခွင့်ပြုထားသည်။ အထူးစီးပွားရေးဇုန်သည်ခေတ်နောက်ကျနေသော ပြည်နယ်အား စီးပွားရေးလွတ်လပ်ခွင့် ရရှိစေကြောင်း စီးပွားရေးပညာရှင်များက လက်ခံသည်။ အထူးစီးပွားရေးဇုန်မရှိဘဲ တရုတ်နိုင်ငံသည် အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲရေး (National reform) ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။

## x|cm;cufm;

အထူးစီးပွားရေးဇုန်ကို စီးပွားရေးတိုးတက်မှုအတွက် တည်ထောင်ခြင်းဖြစ်သည်။ အဓိကပန်းတိုင်မှာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလက်ခံပြီး အရင်းအနှီးရရှိရန်ဖြစ်သည်။ အထူး စီးပွားရေးဇုန်များသည် အာဏာပိုင်အဖွဲ့တစ်ခုတည်းက ရုပ်ပိုင်းဆိုင်ရာ အတားအဆီးနှင့် စီမံခန့်ခွဲမှုကို ရှင်းလင်းစွာ သတ်မှတ်ထားသော အထူးနယ်မြေများဖြစ်သည်။ အထူးစီးပွားရေးဇုန်၌ အသုံးပြုသူနှင့် ရင်းနှီးမြှုပ်နှံသူများသည် အထူးစည်းမျဉ်းနှင့် အခွန်ကောက်ခံခြင်း အပါအဝင် ကောင်းကျိုးများ ရယူခံစားနိုင်သည်။

## t"duaom tcufm;

အထူးစီးပွားရေးဇုန်များကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန် နည်းလမ်းအဖြစ် ကမ္ဘာတစ်ဝန်း၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ အဆိုပါအထူးစီးပွားရေးဇုန်များသည် နိုင်ငံခြားဝင်ငွေရရှိစေပြီး ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးနိုင်သည်။ အထူးစီးပွားရေးဇုန်သည် သက်သာသော အခွန်နှင့် အကောက်ခွန် စည်းမျဉ်းကဲ့သို့သော မက်လုံးများ ဖြည့်ဆည်းပေးသည်။ လွတ်လပ်သော ကုန်သွယ်မှုဇုန်နှင့် စက်မှုဥယျာဉ်အပါအဝင် အထူးစီးပွားရေးဇုန်များကို ဖွံ့ဖြိုးဆဲနိုင်ငံရှိ အဓိကမြို့ကြီးများ၌ တွေ့မြင်နိုင်သည်။

**Source: investopedia.com**

# တောင်ငူမြို့တွင် ကြက်သွန်ဖြူ ကြက်သွန်နီနှင့် အာလူးဈေးတက်ပြီး မြေပဲဆန်ဈေးကျ

တောင်ငူမြို့တွင် အခြေခံစားသောက်ကုန်များ၏ နိုဝင်ဘာ ဒုတိယနှင့် တတိယပတ်ဈေးနှုန်းများကို နှိုင်းယှဉ်ဖော်ပြလိုက်ပါသည်။ မြေပဲဆီမှာ တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ ဖြင့် ဈေးနှုန်း တည်ငြိမ်နေပြီး စားအုန်းဆီမှာ တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

ကြက်သွန်နီမှာတစ်ပိဿာလျှင် အသေး ကျပ် ၃၂၀၀၊ အလတ် ကျပ် ၃၅၀၀၊ အကြီး ကျပ် ၄၀၀၀ နှင့်တရုတ်ကြက်သွန်နီ ကျပ် ၄၀၀၀၊ ကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် အသေးမှာ ကျပ် ၁၁၀၀၀၊ အလတ် တစ်ပိဿာလျှင်ကျပ် ၁၂၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေပြီး ယခင်တစ်ပတ်က ကြက်သွန်ဖြူ အကြီး ကျပ် ၁၃၀၀၀၊ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၁၄၂၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် အကြီး ကျပ် ၁၄၀၀၀၊ တရုတ်ကြက်သွန်ဖြူ ကျပ် ၁၄၅၀၀ ဖြင့် ဈေးတက်လာသည်။

အာလူးမှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် အသေး ကျပ် ၂၄၀၀၊ အလတ် ကျပ် ၂၈၀၀၊ အကြီး ကျပ် ၃၂၀၀၊ တရုတ်အာလူး ကျပ် ၃၂၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် အသေး ကျပ် ၂၈၀၀၊ အလတ် ကျပ် ၃၂၀၀၊ အကြီး ကျပ် ၃၅၀၀၊ တရုတ်အာလူး ကျပ် ၄၀၀၀ ဖြင့် ဈေးတက်လာသည်။

ငရုတ်သီးခြောက် အပု/အရှည်မှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ၁၈၀၀၀၊ ငရုတ်သီးခြောက်အပွမှာ တစ်ပိဿာလျှင်ကျပ် ၂၃၀၀၀ မှ ၂၅၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေသည်။

မြေပဲဆန်(အနီ)မှာ ယခင်တစ်ပတ်က တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၆၆၀၀၊ မြေပဲဆန် (အဖြူ)မှာ ယခင်အပတ်က တစ်ပိဿာလျှင် ကျပ် ၇၄၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ကျပ် ၆၆၀၀ ဖြင့် ဈေးကျဆင်းပြီး ကုလားပဲခြမ်းမှာ တစ်ပိဿာလျှင်ကျပ် ၆၂၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**သင်းသင်းအေး (တောင်ငူ)**

# တစ်ပတ်အတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေဩဇာ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၇,၂၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၃၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁,၂၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ လာအိုနိုင်ငံမှ တန်ချိန် ၁၀၀၀ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၃၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၁၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာတန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၃၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေဩဇာတန်ချိန် ၄၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

**ဘိလပ်မြေ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀.၂၀ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၁၃၀ ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘိလပ်မြေတန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃ သန်းတန်ဖိုးရှိဘိလပ်မြေတန်ချိန် ၂၀၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၅၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။ **အိမ့် (DOT)**



# တစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

**နို့ဆီ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းတန်ဖိုးရှိ နို့ဆီ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၃၅၀ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**နို့မှုန့်**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၆ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၈၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၀၆ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၅၀၀ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ **အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၁၃.၁၁.၂၀၂၃)ရက်နေ့မှ (၁၉.၁၁.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 912 |
| ပျမ်းမျှငွေလဲနှုန်း | 2708 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,087,120 | 5.04 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 24,696,960 | 40.33 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 95,760,000 | 156.37 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 8,530,200 | 13.93 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 38,304,000 | 62.55 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 28,821,352 | 47.06 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 33100000 | 54.05 |
| | အထွေထွေစရိတ်ပေါင်း | | 149,216,552 | 493.57 |
| ၁၆ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,469,696,000 | 4,032.88 |
| | စရိတ်စုစုပေါင်း | | 2,618,912,552 | 4,526.45 |

## ရွှေရည်ညွှန်းဈေး ကျပ် ၃၀၇၇၉၀၀ ရှိ

ပြည်တွင်း ရွှေရည်ညွှန်းဈေးမှာ နိုဝင်ဘာ ၁၆ ရက် ပေါက်ဈေးအရ ကျပ် ၃၀၇၇၉၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စ ၁၉၆၃ ဒေါ်လာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်း ဈေးနှုန်းများအနေဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၀၅၇၀၀၀၊ ၁၁ ရက်တွင် ကျပ် ၃၀၃၀၅၀၀၊ ၁၃ ရက်တွင် ကျပ် ၃၀၃၂၀၀၀၊ ၁၄ ရက်တွင်ကျပ် ၃၀၄၉၇၀၀၊ ၁၅ ရက်တွင် ကျပ် ၃၀၈၈၉၀၀၊ ၁၆ ရက်တွင်ကျပ် ၃၀၇၇၉၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ နိုဝင်ဘာ ၁၀ ရက်တွင် ၁၉၅၅ ဒေါ်လာ၊ ၁၁ ရက်တွင် ၁၉၃၈ ဒေါ်လာ၊ ၁၃ ရက်တွင် ၁၉၃၉ ဒေါ်လာ၊ ၁၄ ရက်တွင် ၁၉၄၅ ဒေါ်လာ၊ ၁၅ ရက်တွင် ၁၉၇၀ ဒေါ်လာ၊ ၁၆ ရက်တွင် ၁၉၆၃ ဒေါ်လာဖြစ်ကြောင်း သိရသည်။

YGEA အနေနှင့် ယခင်က ရွှေရည်ညွှန်းဈေးကို ဗဟိုဘဏ်၏ အမေရိကန်ဒေါ်လာ ရည်ညွှန်းဈေး ကျပ် ၂၁၀၀ အပေါ်တွင် တွက်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ဘဏ်များအကြား ဗဟိုဘဏ်၏ အွန်လိုင်းဈေးကွက်မှနေ၍ ရောင်းဝယ်ကြသည့် အမေရိကန်ဒေါ်လာနှုန်းထား ၂၉၃၇ ကျပ်ဖြင့် တွက်ချက်ထုတ်ပြန်နေခြင်းဖြစ်သည်။ **ပန်းဆု**

## ပြည်တွင်းငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

ပြည်တွင်း နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သူများထံက သိရသည်။

ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းကိစ္စနှင့် ပတ်သက်၍ လက်ရှိသတ်မှတ်နှုန်းထားကို ပြောင်းလဲမည်မဟုတ်ဘဲ ဘဏ်ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသားတိုးမြှင့်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဝိသမလောဘသားများနှင့် ဈေးကစားသူအချို့က ဈေးနှုန်းကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရည်ညွှန်းနိုင်ငံခြား ငွေလဲလှယ်နှုန်း မြင့်တက်နိုင်သည်ဟူသည့် မဟုတ်မမှန်သော ကောလာဟလများ ထုတ်လွှင့်ကာ မသိနားမလည်သူများအား လိမ်ညာအမြတ်ထုတ်ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထားသည်။

နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများအနေနှင့် ငွေကြေးဈေးကွက်အတွင်း မသမာမှုများ မပြုလုပ်ကြရန် ဗဟိုဘဏ်က သတိပေးထားပြီး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့် ဆောင်ရွက်မှုများကို တွေ့ရှိပါက လိုအပ်သလို အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ အရေးယူမှုပြုလုပ်ရာတွင် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဈေးကွက်အတွင်း ဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူလျက်ရှိပြီး မဟုတ်မမှန်သတင်းလွှင့်မှုများနှင့် ဆက်စပ်သတင်းအကြောင်းအချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် (Email: gov.office@cbm.gov.mm) ထံသို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။ **ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၄၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်မှ ၁၅ ရက်အထိ စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၄၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း စောင်ရေ ၄၇၁၇၀ ရှိပြီး တန်ဖိုး အားဖြင့် ကျပ် ၁၄၈ ဒသမ ၁၇ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၆၇၁၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၇ ဒသမ ၉၉ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၅၉၀၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၆ ဒသမ ၀၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၅၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၀ ဒသမ ၄၄ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၁၀၈၀၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၇ ဒသမ ၃၄ သန်းရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၆၅၄ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၅၈ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၆၇၁၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၃ ဒသမ ၆၀ သန်း ရရှိခဲ့သည်။

ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၁၁၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၅၄ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၆ ၂၀၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၆၃ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်(၁၉)ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၉ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၉ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၁၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၀ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း နိုဝင်ဘာ ၉ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၅၀၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၁၅ ရက်တွင် ကျပ် ၃၆၂၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်းနှင့် ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ -၅ ဒသမ ၉ ရာခိုင်နှုန်း ရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၉-၁၁-၂၀၂၃ | ၁၀-၁၁-၂၀၂၃ | ၁၃-၁၁-၂၀၂၃ | ၁၄-၁၁-၂၀၂၃ | ၁၅-၁၁-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၅၁၀ | ၃၅.၇၈၀ | ၃၆.၀၀၅ | ၃၆.၀၆၅ | ၃၅.၄၆၅ | -၀.၁၃ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၅၆ | ၁.၃၆၁ | ၁.၃၆၀ | ၁.၃၆၀ | ၁.၃၄၈ | -၀.၅၉ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၆၉၂ | ၄.၇၂၂ | ၄.၇၀၈ | ၄.၇၁၉ | ၄.၆၆၄ | -၀.၆၀ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၆၅၅ | ၁၅၆၈၅ | ၁၅၇၀၀ | ၁၅၆၉၅ | ၁၅၅၃၅ | -၀.၇၇ | ⬇ |
| ၆ | Chinese Yuan | CNY | ၇.၂၈၅ | ၇.၂၉၂ | ၇.၂၉၀ | ၇.၂၈၈ | ၇.၂၃၉ | -၀.၆၃ | ⬇ |
| ၇ | Indian Rupee | INR | ၈၃.၂၈၇ | ၈၃.၂၈၀ | ၈၃.၃၂၃ | ၈၃.၁၇၂ | ၈၃.၁၁၂ | -၀.၂၁ | ⬇ |
| ၈ | Japanese Yen | JPY | ၁၅၁.၀၃၆ | ၁၅၁.၃၈၄ | ၁၅၁.၇၈၉ | ၁၅၁.၆၉၀ | ၁၅၀.၆၀၂ | -၀.၂၉ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၆၀ | ၁.၅၇၃ | ၁.၅၆၈ | ၁.၅၆၈ | ၁.၅၃၆ | -၁.၅၄ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၃၄ | ၀.၉၃၇ | ၀.၉၃၅ | ၀.၉၃၃ | ၀.၉၂၀ | -၁.၅၀ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၈၁၃ | ၀.၈၁၈ | ၀.၈၁၇ | ၀.၈၁၃ | ၀.၈၀၁ | -၁.၄၈ | ⬇ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၃၄၉၀-၃၅၀၀ ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၅၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၇ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့် လည်းကောင်း အသီးသီးရှိသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများ၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက် ရှိကြောင်း သိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ထိုင်းနိုင်ငံသည် ယခုနှစ်အတွက် ဆန်တင်ပို့မှု ရည်မှန်းချက်ကို မက်ထရစ်တန်ချိန် ၈ ဒသမ၅ သန်းအထိ တိုးမြှင့်ထားကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားခဲ့သည်ကို သိရသည်။ အစောပိုင်းတွင် ထိုင်းနိုင်ငံ၏ အစိုးရသည် ဆန်တန်ချိန် ၈ သန်းတင်ပို့မည်ဟု ရည်မှန်းထားခဲ့ပြီး ဗီယက်နမ်ဆန်သည် ထိုင်းဆန်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကြီးမားသည့်အတွက် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့ နိုင်ငံများမှ ထိုင်းဆန်အမှာစာများ တိုးလာကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံသည် အိန္ဒိယပြီးလျှင် ဒုတိယကမ္ဘာ့အများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်မှု အနည်းငယ်သာရှိကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Chookiwat Ophaswongse မှ ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ထိုင်းနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၆ ဒသမ ၀၈ သန်း တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ ကမ္ဘာ့ထိပ်တန်းဆန် တင်ပို့သောနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ဆန်တင်ပို့မှု ကန့်သတ်ပိတ်ပင်မှုများကို ဖြေလျှော့နိုင်မည်ဟု ခန့်မှန်းထားပြီး လာမည့်နှစ်တွင် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၇ဒသမ၅ သန်း အထိသာကျဆင်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ကြားပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန် (သစ်) တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀ ကြား ပေါက် ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၆၀၀၀ မှ ၆၉၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်းဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် နိုဝင်ဘာ ၁၅ ရက်တွင်ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၀၀ ယွမ် ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၅၅ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ကျော်) ပေါက်ဈေးရှိပြီး မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၆ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၄၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၈၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ် ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄၁ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး နိုဝင်ဘာလ ဒုတိယအပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိနေ

ဆိပ်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံ မိုးမြေပဲများ လှိုင်လှိုင်တူးဖော်ပြီးဖြစ်သဖြင့် မိုးမြေပဲများကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးပြီး အောက်တိုဘာလကုန်ပိုင်းတွင် တူးဖော် ရိတ်သိမ်း ကြရသည်။ နှစ်စဉ်ကုန်းတွင်းပိုင်း ယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် စ၍ဈေးကွက်ခိုင်မာလျက်ရှိသော ဆီထွက်သီးနှံ မိုးမြေပဲ သုံးလပင်ပြန့်မျိုးကို အများဆုံး စိုက်ပျိုးကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

သီးနှံစိုက်ပျိုးထွက်ရှိမှု အခြေအနေအားသိရှိရန် မြေပဲစိုက်တောင်သူ ဦးမင်းမင်းနှင့် ဆက်သွယ်မေးမြန်းရာ ယခုနှစ်တွင် မိုးမြေပဲသုံးဧကခန့် စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် အလုပ်သမားရှားပါးပြီး ကုန်ကျစရိတ်များသော်လည်း ဈေးကွက်ခိုင်မာပြီး ရောင်းလိုအား ဝယ်လိုအားကောင်းသော မြေပဲကို နှစ်စဉ်စိုက်ပျိုးကြောင်း၊ မြေပဲခင်းတွင် သီးညှပ်အဖြစ် ပဲစင်းငုံနှင့် ပဲတီစိမ်းသီးနှံ စိုက်ပျိုးကြောင်း သိရှိရသည်။

ဆီထွက်သီးနှံ သုံးလမြေပဲမျိုးများကို ဇူလိုင်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြောင်း၊ စိုက်ဧကသုံးဧကခန့် စိုက်ပျိုးရာတွင် မြေပဲမျိုးစေ့အဆန် ငါးတင်းခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် သွင်းအားစုအမျိုးမျိုး ဈေးနှုန်းမြင့်တက်ခြင်း၊ အလုပ်သမားငွေရမ်းခ မြင့်တက်ခြင်းကြောင့် ကုန်ကျစရိတ်များကြောင်း ဒေသခံတောင်သူ၏ ပြောကြားချက်အရ သိရှိရသည်။

ယခုနှစ်တွင် မြေပဲစိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်ခြင်းကြောင့် မြေပဲအထွက်တင်းနှစ်ဧကလျှင် တင်း ၃၀ မှ ၃၅ အထိ ထွက်ရှိကြောင်း၊ စိုက်တောင်သူ ဦးမင်းမင်းသည် ယခုနှစ် သုံးဧက စိုက်ပျိုးထားပြီး တင်း ၁၀၀ ဝန်းကျင်ခန့် ထွက်ရှိကြောင်း၊ သီးနှံပေါ်စ ဒေသပေါက်ဈေး အတောင့်(အခြောက်)တစ်ပိဿာ ကျပ် ၃၀၀၀၊ တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ခန့်ရှိကြောင်း၊ ဝင်ငွေမှာ ကျပ် ၂၄ သိန်းခန့်ရရှိမည်ဖြစ်ကြောင်း ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့်ကုန်ကျ၍ ကျပ်ကိုးသိန်းခန့် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိစေရန် မြေပဲတောင့်များကို နေလှန်းအခြောက်ခံပြီး ခွဲပြီးသော အဆန်များကို ကိုင်းကျွန်းမြေများ၌ နိုဝင်ဘာလကုန်ပိုင်းတွင် စိုက်ပျိုးရန်အတွက် မျိုးမြေပဲဆန်များ ရောင်းချခြင်းအပြင် ဆီစက်များ၊ ပွဲရုံများသို့ ရောင်းချကြောင်း သိရှိရသည်။

ယခုနှစ် ဒေသတွင်း သီးနှံပေါ်ချိန်တွင် မြေပဲဈေးကွက် ကျဆင်းသော်လည်း အထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ဆီထွက်သီးနှံ မိုးမြေပဲများ စိုက်ပျိုးခြင်းဖြင့် စိုက်တောင်သူများ အကျိုးအမြတ်ရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။

**မြင့်မြင့်သန်း(ပခုက္ကူ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် နိုဝင်ဘာ ၁၃ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဖင်လန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Latvia နိုင်ငံတွင် ၂ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဟန်ဂေရီနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင် နှုန်းနှင့် ပိုလန်နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိကြောင်း သိရသည်။

မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဘူလ်တန်၊ အီဂျစ်၊ ကင်ညာ၊ လက်ဘနွန်နှင့် မိုနာကို စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း ယင်းဝက်ဘ်ဆိုဒ်၌ တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရာဇီး၊ ကနေဒါ၊ ဆွစ်ဇာလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဩစတြေးလျနှင့် နယ်သာလန် အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း သိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် လူဇင်ဘတ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဆီးရီးယားနိုင်ငံတွင် ၅ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် မက်ဆီဒိုးနီးယားနိုင်ငံတွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ ဂွါတီမာလာ၊ မက္ကဆီကို၊ ပီရူး၊ တောင်အာဖရိကနှင့် ဆူဒန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ ဘရာဇီး၊ ရုရှား၊ နယ်သာလန်၊ အန်ဒိုရာ၊ ဘူလ်ဂေးရီးယား၊ စပိန်၊ ဆွီဒင်နှင့် နော်ဝေအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၅ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၇ | ၁.၀၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၃ | ၁.၁၅ |
| ၃ | ထိုင်း | လီတာ | ၁.၂၈ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၁ | ၀.၉၁ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၄ | ၁.၉၃ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၁ | ၁.၁၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၁ | ၁.၀၆ |
| ၉ | လာအို | လီတာ | ၁.၄၇ | ၁.၀၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၁ | ၁.၀၈ |
| ၂ | ဂျပန် | လီတာ | ၁.၁၅ | ၁.၀၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၁၃ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ နိုဝင်ဘာ ၁၅ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၁၃၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၂၂၅၀၊ ဒီဇယ် တစ်လီတာလျှင် ၂၁၄၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၂၂၄၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၉၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၁၉၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၇၄၂ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၆၃၈ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၂၅၀၊ ဒီဇယ်တစ်လီတာလျှင် ၂၁၄၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၂၆၀၊ ဒီဇယ်တစ်လီတာလျှင် ၂၁၅၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်း များမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၈၀ မြင့်တက်ခဲ့ပြီး ဒီဇယ်တစ်လီတာလျှင် ကျပ် ၆၀ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်း(ရွှေဝါ) နှင့် မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးပဲပေါက်ဈေး

၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းပဲတီစိမ်း(ရွှေဝါ) စိုက်ဧက ၃၅၈၈၃၃ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း တစ်ဧကလျှင် ၁၅ ဒသမ ၁၂ တင်း ထွက်ရှိပြီး အထွက် တန်အားဖြင့် တန်ချိန် ၁၆၉၂၉၁ ကျော် ထွက်ရှိခဲ့သည်။

၂၀၂၃-၂၀၂၄ ဆောင်းရာသီ၌ ပဲတီစိမ်း (ရွှေဝါ) ၃၆၁၃၅၇ ဧက စိုက်ပျိုးရန် လျာထားကြောင်းနှင့် ခန့်မှန်းအထွက်နှုန်း တစ်ဧကလျှင် ၁၄ဒသမ၄၅ တင်း၊ အထွက်တန်အားဖြင့် တန်ချိန် ၁၆၇၀၀၀ ကျော် ထွက်ရှိမည်ဟု မျှော်မှန်းထားကြောင်း သိရှိရသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ပဲတီစိမ်း(ရွှေဝါ) အများဆုံး စိုက်ပျိုးသော မြို့နယ်များမှာ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ဖြစ်ပြီး ယခင်နှစ် ဆောင်းပဲတီစိမ်း(ရွှေဝါ)ထွက်ရှိချိန် အများဆုံးစိုက်ပျိုးသည့် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်များတွင် ပဲတီစိမ်း (ရွှေဝါ) ၇၂ ပေါင်ကိုက် တစ်တင်း အဖွင့်ဈေးမှာ ကျပ် ၄၅၀၀၀ မှ ၆၀၀၀၀ ဈေးပေါက်ခဲ့ပြီး နောက်ပိုင်းတွင် ပဲတီစိမ်း(ရွှေဝါ) တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ထိ အမြင့်ဆုံးဈေး ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဒေသတွင်း မျိုးပဲတီစိမ်း(ရွှေဝါ) ၇၂ ပေါင်ကိုက် တစ်တင်း၏ ပေါက်ဈေးမှာ (ရေဆင်းမျိုး) ကျပ် ၇၆၀၀၀ မှ ၇၈၀၀၀ ထိ၊ (ပဲတီ ရွှေဝါမျိုး)ကျပ် ၇၇၀၀၀ မှ ၇၉၀၀၀ ထိ၊ (ဩစတြေးလျမျိုး)ကျပ် ၈၀၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ်ပဲသီးနှံ စိုက်ဧက ၄၀၉၁၇ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း တစ်ဧကလျှင် ၁၆ ဒသမ ၃၀ တင်း ထွက်ရှိပြီး အထွက် တန်အားဖြင့် တန်ချိန် ၂၁၀၂၃ ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မတ်ပဲသီးနှံအများဆုံးစိုက်ပျိုးသော မြို့နယ်များမှာ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ဖြစ်ပြီး ယခင်နှစ် မတ်ပဲသီးနှံ ထွက်ရှိချိန် ယင်းမြို့နယ်များတွင် မတ်ပဲသီးနှံ ၇၂ ပေါင်ကိုက် တစ်တင်း၏ အဖွင့်ဈေး မှာ ကျပ် ၆၅၀၀၀ မှ ကျပ် ၉၅၀၀၀ ဈေးပေါက်ခဲ့ကြောင်းနှင့် မတ်ပဲထွက်ပေါ်ချိန်ကုန်ဆုံးချိန်အထိ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ထိ အမြင့်ဆုံးဈေး ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ဈေးကောင်း မျိုးမတ်ပဲတစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ ပေါက်ဈေးဖြင့် ဈေးကွက်တွင် ဖြစ်ပေါ်လျက်ရှိသည်။



**စန္ဒာဝင်း (စားသုံး-ရန်ကုန်)**

# ကံပိုင်တည် ကုန်သွယ်ရေးစခန်းမှ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် နိုဝင်ဘာ ၁ ရက်မှ ၁၂ ရက်ထိ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၃ သန်းနှင့် သွင်းကုန် ၁ ဒသမ ၅၀၀ သန်းဖြင့် စုစုပေါင်း လျာထားချက်ဒေါ်လာ ၄ ဒသမ ၅၀၀ သန်းဖြစ်သည်။

နိုဝင်ဘာ ၁၂ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁ ဒသမ ၁၈၄ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၈၀၈ ဒေါ်လာသန်း၊ စုစုပေါင်း ၁ ဒသမ ၉၉၂ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှု လျာထားချက်အပေါ် ၄၄ ဒသမ ၂၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

နိုဝင်ဘာလ ၇ ရက်အတွင်း ပို့ကုန်အမယ်များအနေဖြင့် တစ်သျှူးငှက်ပျော၊ ဖရဲသီးနှင့် နှမ်းနက်တို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အမယ်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့ပါသည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၁၂ ရက်ထိ ကုန်ပစ္စည်း အမယ်လိုက် တင်ပို့/တင်သွင်းမှု အခြေအနေမှာ ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိက ပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တင်ပို့မှုအနေဖြင့် ဈေးနှုန်း တစ်တန်လျှင် ၂၅၃၀ ယွမ်/ ၃၄၅ ဒသမ ၉၈ ဒေါ်လာတို့ဖြင့် တန်ချိန် ၃၁၆၇ တန်၊ တန်ဖိုး ၁ ဒသမ ၀၉၈ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ Iron Sheet Iron Pipe Artifficial Grass၊ ပန်းသီး ၊ လိမ္မော်သီး၊ Ceramic Tile နှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးပစ္စည်း တန်ချိန် ၁၂၈ တန်၊ တန်ဖိုး သုည ဒသမ ၂၄၄ ဒေါ်လာသန်း ၊ လုပ်ငန်းသုံး ပစ္စည်း တန်ချိန် ၃၆၆ တန်၊ တန်ဖိုး သုည ဒသမ ၃၀၂ ဒေါ်လာသန်း၊ လူသုံးပစ္စည်းတန်ချိန် ၂၆၆ တန်၊ တန်ဖိုး သုည ဒသမ ၂၆၁ ဒေါ်လာသန်းတို့ တင်သွင်းနိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၌ အတက်အဆင်းကုန်များအတွက် အငှားယာဉ်ဖြင့် တင်ဆောင်ခြင်းမဟုတ်ဘဲ ငှက်ပျောတင်ယာဉ်နှင့် သွင်းကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းတင်ယာဉ်များသည် သက်ဆိုင်ရာကုမ္ပဏီပိုင်ယာဉ်များဖြင့်သာ တင်ပို့၊ တင်သွင်းခြင်းဖြစ်သည်။

ကံပိုင်တည်-ဝိုင်းမော်-မြစ်ကြီးနား ကုန်သွယ်မှုလမ်းကြောင်း၌ တောင်ပြိုခြင်း၊ လမ်းပိတ်ဆို့ခြင်းများမရှိဘဲ ကုန်တင်ယာဉ်များ ပုံမှန်သွားလာလျက်ရှိသည်။

**ကံပိုင်တည်ကုန်သွယ်ရေးစခန်း**



# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၁၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၈၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၉၈ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၁ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၄ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၅ သန်း ပိုမိုခဲ့ကြောင်းသိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက်ပိုမိုရခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုနှင့် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် တင်ပို့မှုလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု (ကြက်သွန်နီ၊ ငရုတ်သီး ခြောက်၊ ဂေါ်ဖီထုပ်နှင့် ပြောင်းကြိတ်ဖတ်မှုန့်) သတ္တုတွင်းထွက်ပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းများ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ယခင်ပတ်ထက် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ တင်သွင်းမှုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၃ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၅၃၉ သန်းနှင့် လူသုံးကုန်ပစ္စည်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၂ သန်း တင်သွင်းမှု ပိုမိုခဲ့ခြင်းဖြစ်သည်။

**အိမ့် (DOT)**


# ပွင့်လင်းရာသီ ငါးပိ/ငါးခြောက်ဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ပင်လယ်ရေထွက်ကုန်ပစ္စည်းများ ထွက်ရှိပြီး ဒေသတွင်းစားသုံးမှုနှင့် အခြား ဒေသများသို့လည်း တင်ပို့မှုရှိသလို ဧည့်ခရီးသွားအများစုမှာလည်း အပြန်လက်ဆောင်ပစ္စည်း တစ်ခုအနေဖြင့်လည်း ဝယ်ယူလျက်ရှိကြောင်း ပုသိမ်မြို့မဈေးကြီးအတွင်းရှိ ငါးပိ/ငါးခြောက် ရောင်းဝယ်ရေးဆိုင်မှ သိရသည်။

ပုသိမ်ဈေးကွက်အတွင်းရှိ ငါးပိ/ငါးခြောက်၊ ပုစွန်ခြောက်များကို ငပုတောမြို့နယ်အတွင်းရှိ ဟိုင်းကြီး၊ ပြင်ခရိုင်၊ သက္ကသောင်၊ အစင်းချိုင်၊ ဇီးဖြူဆိပ်ကျေးရွာများမှ အဓိက အများဆုံး ရောင်းချလျက်ရှိပြီး ငါးခြောက်၊ ပုစွန်ခြောက်ဈေးကွက်မှာ မိုးရာသီတွင် အရောင်းအဝယ်မသွက် အရည်အသွေးမှာလည်း ပွင့်လင်းရာသီလောက် ကောင်းမွန်မှုမရှိဘဲ ပွင့်လင်းရာသီရောက်မှသာ အရည်အသွေးကောင်းမွန်သော ပုစွန်ခြောက်၊ ငါးခြောက် အစုံလိုင်လိုင် ပေါ်သော ရာသီဖြစ်ကြောင်း ပုစွန်ခြောက်ဈေးနှုန်းမှာ အကောင် အကြီး/အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၈၀၀၀၀ ဝန်းကျင်မှ ၆၅၀၀၀-၇၀၀၀၀ ဈေးအတွင်းနှင့် အကောင်အသေး၊ အလတ်ဈေးမှာ တစ် ပိဿာလျှင် ကျပ် ၁၅၀၀၀ ဈေးမှ ၄၅၀၀၀-၅၅၀၀၀ ဈေးအတွင်း ရောင်းဝယ်လျက်ရှိပြီး ငါးပိဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဈေးမှ ၃၅၀၀၊ ၄၀၀၀ ဈေးအတွင်းနှင့် ကျပ် ၁၀၀၀၀ ကျော်အထိဈေးရှိသည်။

အများစားသုံးမှုရှိ၍ ဈေးနှုန်းသင့်တင့်မှုရှိသော ငါးကုန်းညို တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေး၊ ငါးဇင်းလုံး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဈေး၊ ငါးရောင် ခွဲပြား တစ်ပိဿာကျပ် ၁၆၀၀၀ ဈေး၊ ငါးမြီးတံသွယ် တစ် ပိဿာ ကျပ် ၁၂၀၀၀ ဈေး၊ ငါးပုတ်သင်ခွဲပြား တစ်ပိဿာ ကျပ် ၁၅၀၀၀ ဈေး၊ ငါးပုတ်သင်လုံး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ဈေး၊ ငါးတံခွန်လုံးတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဈေးနှင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပသ)**



# တာချီလိတ် ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာ ၄ ရက်မှ ၁၀ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၄၈ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၇ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၆၁၂ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၇ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ဆေးရွက်ကြီး၊ ပလတ်စတစ်ဖြတ်စ လျော့နည်းတင်ပို့ခဲ့သော်လည်း ကြက်သွန်ဖြူ၊ ထောပတ်သီး၊ စက္ကူဖြတ်စ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် ပို့ကုန်တွင် ပိုမိုခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခင်ပတ်ထက် ဘိလပ်မြေ၊ အခြားစက္ကူများ၊ သတ္တုကုန်ကြမ်းများ လျော့နည်းတင်သွင်းခဲ့သော်လည်း လယ်ထွန်စက်များ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ ဆပ်ပြာများ၊ ပရိဘောဂများ၊ မီးဖိုချောင်သုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းဖြစ်သည်။

**အိမ့် (DOT)**

# တစ်ပတ်အတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှု အခြေအနေ

**ရော်ဘာ**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၈ သန်း တန်ဖိုးရှိရော်ဘာ တန်ချိန် ၁၄၀၀ ကျော် တင်ပို့ခဲ့သည်။ ရော်ဘာ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၈၀၆ တန်နှင့် မလေးရှားနိုင်ငံသို့ ရော်ဘာ တန်ချိန် ၆၀၀ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာ ၆၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်းရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတန်ချိန် ၁၄၇၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၈ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာ တန်ချိန် ၁၃၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ပြောင်း**

နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်ထိကာလအတွင်း ပင်လယ် ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၀ သန်း တန်ဖိုးရှိ ပြောင်း တန်ချိန် ၉၅၃၀ ကျော် တင်ပို့ခဲ့ သည်။ တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၉၅၁၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၃ တန် တင်ပို့ခဲ့သည်။

နိုဝင်ဘာပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၇၄၇ သန်းတန်ဖိုးရှိ ပြောင်း ၂၈၆၈ တန်ကျော် တင်ပို့နိုင်ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၁၂၄၀၀ ကျော်တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၄၇ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်း တန်ချိန် ၈၉၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

**DAAT**



# သွေးတွင်းအဆီကျစေပြီး သွေးအားကောင်းစေသည့် ကြွက်နားရွက်မှို

ကြွက်နားရွက်မှိုသည် သံဓာတ်ပါဝင်မှု များပြားသည့်အတွက်ကြောင့် သွေးအားနည်းခြင်းအတွက် အိမ်သုံးဆေးတစ်မျိုးအဖြစ် လူသိများသည်။ သံဓာတ်၊ ပရိုတင်း၊ ဗီတာမင်များပါသည်။ Terpenoids ဆိုသည့် ဓာတ်တစ်မျိုးပါဝင်မှုကြောင့် ဓာတ်မတည့်မှု ခံစားရခြင်းကို ကာကွယ်ပေးသည်။

Polysaccharides ဟုခေါ်သည့် ဓာတ်တစ်မျိုး ပါဝင်ခြင်းက ဆေးဝါးဆိုင်ရာ ကောင်းကျိုးများစွာ ရရှိစေသည်။ ရောင်ရမ်းခြင်းကို ကာကွယ်ပေးနိုင်သည်။ အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်သည်။ ကြွက်နားရွက်မှို အမျိုးအစားတွင် တွေ့ရှိရသည့် Polysaccharides ဓာတ်ကြောင့် သွေးတွင်းကိုလက်စထရောကို လျော့ကျစေနိုင်သည်။ နှလုံးရောဂါအန္တရာယ်ကို လျော့ကျစေပြီး လေဖြတ်ခြင်းကို ကာကွယ်ပေးသည်။ ထိုမှိုကို သွေးခဲခြင်းနှင့် သွေးတိုးရောဂါအတွက်လည်း အသုံးပြုကြသည်။ အစွမ်းထက်သည့် Antioxidant တစ်မျိုးဖြစ်ပြီး ဖရီးရယ်ဒီကယ်များကြောင့် ဆဲလ်ပျက်စီးခြင်းကိုကာကွယ်ပေးနိုင်သည်။

အဆစ်အမြစ်ရောင်ရမ်းခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ကိုလည်း သက်သာစေနိုင်သည်။ ခန္ဓာကိုယ်ခုခံအား ကောင်းစေသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ ဖိအားမျိုးစုံကိုလည်း အကျိုးသက်ရောက်မှုရှိသည်။

ကြွက်နားရွက်မှိုကို အစားအစာများထဲ ထည့်သွင်းစားသုံးသည့်အခါမှာ ခန္ဓာကိုယ်တွင်းမှ အဆိပ်အတောက်များကို ပြေစေသည်။ အဆုတ်ကို သန့်စင်စေပြီး အစာအခြေစနစ်အတွက်လည်း ကောင်းမွန်စေသည်။ အမျှင်ဓာတ်နှင့် Pectin ဓာတ်ပါဝင်မှုကြောင့် အဝလွန်ခြင်းကို ကာကွယ်နိုင်သည်။ အဆီဓာတ်စုပ်ယူမှုကို တားဆီးပေးသည့်အတွက် ဝိတ်ကျရန် ကူညီနိုင်သည်။ ကြွက်နားရွက်မှိုကို ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ မစားသင့်သလို သွေးနှင့်ဆိုင်သည့် ရောဂါရှိပြီး ဆေးသောက်နေရသူများလည်း မစားသင့်ကြောင်း သိရသည်။

**ဇေခိုင်(တောင်ကြီး)**

# ဘိန်းအစားထိုး စိုက်ပျိုးသီးနှံ ဝဥ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ဝဥကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးထားသော်လည်း ယခင်နှစ်များကဲ့သို့ ဈေးကောင်းမရရှိကြောင်း သိရသည်။ စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများသည် ဘိန်းအစားထိုးသီးနှံဖြစ်သည့် ဝဥကို စိုက်ပျိုးထားကြပြီး ယခုအခါ ဝဥဈေးသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များကဲ့သို့ ဈေးကောင်းမရရှိသေးသဖြင့် မြေကြီးထဲတွင်သာ သိုလှောင်ထားနေရကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလတွင် စက်ရုံများမှ အဝယ်မရှိသေးသည့်အတွက် ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၇၀၀၊ ကျပ် ၈၀၀ ဈေးသာရှိခဲ့ပြီး ယခုနိုဝင်ဘာလတွင် တစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်ခန့်သာရှိခဲ့သည်။ ဈေးမကောင်းခြင်းနှင့် ဝယ်သူ နည်းပါးလာခြင်းတို့ကြောင့် တောင်သူများကလည်း မတူးတော့ဘဲ မြေကြီးထဲမှာသာ လှောင်ထား၍ ဈေးကောင်းရသည့် အချိန်၌သာ ပြန်တူးပြီးရောင်းကြမည်ဟု သိရသည်။

ဝဥပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး နှစ်နှစ်မှ လေးနှစ်အထိစိုက်ပျိုးရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပင်လောင်း၊ ဟိုပုံး၊ ပေါင်းလောင်းဒေသမှ ဝဥစိုက်တောင်သူများသည် ပွဲစားများမှတစ်ဆင့် ရောင်းဝယ်နေရပြီး မျိုးစေ့ကို ချင်းပြည်နယ်မှ မှာယူစိုက်ပျိုးရကြောင်း သိရှိရသည်။

ယခုနှစ်ဈေးနှုန်းနှင့် ၂၀၂၂ခုနှစ် ဈေးနှုန်းကို နှိုင်းယှဉ်ပါက ဝဥပေါက်ဈေး အစိုတစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးကျလျက်ရှိနေသည်။ ကိုဗစ်နှင့် နိုင်ငံရေးအခြေအနေများကြောင့် ယနေ့အချိန်ထိ ဝဥမှာ ဈေးကောင်းပြန်မရသေးကြောင်း ဝဥ စိုက်တောင်သူများထံက သိရှိရသည်။

ယခုအခါ ဝဥကို ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ ဝဥများကို ကုန်ချောအဆင့်ထိ မထုတ်နိုင်သေးသဖြင့် ကုန်ကြမ်းအဖြစ်သာ ထုတ်ရောင်းနေရပြီး မြန်မာနိုင်ငံထွက် ဝဥများကို တရုတ်နှင့် ဂျပန်သို့ အဓိကတင်ပို့ရကြောင်း သိရှိရသည်။

**ဇေခိုင် (တောင်ကြီး)**




中国中车
CRRC MYANMAR

**QINGDAO CRRC SIFANG ROLLING STOCK COMPANY LIMITED.**

Office : Building 19, Room No(8), U Wisara Housing,
Dagon Township, Yangon Region.

Showroom : No (29), University Avenue Road,Golden Valley,
Ward (1), Bahan Township. Yangon Region.

Ph: +959 5504343, +959 421046192, Email-qingdaocrrc@gmail.com

# GOLD LITE MYANMAR CO.,LTD

No(32), 7 Mile Hills, Parami Road, Corner of Pyay Road, Mayangone Township,
Yangon, Myanmar.
Tel : (+951) 656 123 , Sales Hotline : (+959) 400 888 600



# စစ်ကိုင်းစက်မှုဇုန်ရှိ သစ်အချောထည် ပရိဘောဂလုပ်ငန်း

**သန်းသန်းတင်(မုံရွာ)**





ရှေးနှစ်ပေါင်းများစွာကပင် လူတို့သည် အိမ်ထောင်ပရိဘောဂများကို သုံးစွဲခဲ့ကြသည်။ စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ ခုတင် စသောပစ္စည်းများကို သုံးစွဲလာခဲ့ကြသော်လည်း ပုံပန်းသဏ္ဍာန်၊အမျိုးအစား၊ အဆင်အပြင်သည် တစ်ခေတ်နှင့်တစ်ခေတ် မတူချေ။ ဘီစီ ၃၀၀/၄၀၀ ခန့်ကပင် အီဂျစ်နိုင်ငံတွင် ဘုရင်များသည် ခုတင်များဖြင့် အိပ်ခဲ့ကြလေသည်။ ရှေးဦးပေါ် ကုလားထိုင်များသည် ယခုခေတ်ကဲ့သို့ ကျောမှီ၊ လက်တင်စသည် မပါသေးဘဲ ခြေလေးချောင်းတပ် ထိုင်ခုံ(ခွေးခြေ)များသာ ဖြစ်ကြသည်။ ရှေးအီဂျစ်လူမျိုးတို့သည် သစ်သားများကို ကောင်းစွာပြုပြင်ပြီး အိမ်ထောင်ပရိဘောဂများ သုံးစွဲခဲ့ကြောင်း သူတို့၏ ရှေးဟောင်းဂူသင်္ချိုင်းနံရံရှိ အရုပ်များတွင် တွေ့မြင်ရကြောင်း လေ့လာသိရှိရသည်။ အီဂျစ်၊ ဂရိနှင့်ရောမ လူမျိုးများသည် သစ်သားအပြင် ဆင်စွယ်၊ ကြေးညို၊ ရွှေ၊ ငွေစသည်တို့ဖြင့် အိမ်သုံးပစ္စည်းများကို လုပ်ကိုင်သုံးစွဲခဲ့ကြသည်ဟု သိရှိရသည်။ အီဂျစ်နိုင်ငံ တူတန်ခမင် သင်္ချိုင်းမှရရှိသော အီဂျစ် မိဖုရားကြီး၏ ရာဇပလ္လင်မှာ အလွန်လှပဆန်းကြယ်၍ အထက်တန်းကျလှသော သုခုမလက်ရာများဖြစ်ပေသည်။

ထိုမျှမကသေးဘဲ အိမ်သုံးပစ္စည်းများကို ပန်းခက်ပန်းနွယ်များ ထွင်းထုကာ ကျောက်မျက်ရွဲများ၊ ရောင်စုံဖန်များစသော တောက်ပသည့်ဝတ္ထုများဖြင့် စီခြယ်ခဲ့ကြသည်။ အချို့ရှေးဟောင်း ထိုင်ခုံများကို လှပသေးသွယ်သော ခြေများဖြင့် ဆန်းကြယ်စွာပြုလုပ်ခဲ့ပြီး တစ်စတစ်စ တိုးတက်လာသောအခါ ထိုင်ခုံများကို နောက်မှီနှင့်လက်တင်များ တပ်လာကြသည်။ ထိုမှတစ်ဆင့် ထိုင်ခုံတစ်ခုလုံး ခြေလက်တင်၊ နောက်မှီ စသည်တို့တွင် ပန်းကွပ်များ၊ ရုပ်လုံးပေါ်များဖြင့် လှပအောင်ပြုလုပ်ခဲ့ကြသည်။ ထိုစနစ်သည် ယခုတိုင် တိမ်ကောခြင်းမရှိချေ။ ထိုင်ရန် အခင်းများကိုလည်း ယခုခေတ် ကြိမ်အခင်းများကဲ့သို့ပင် ကြိမ် သို့မဟုတ် ကျူပင်များကို ကျစ်၍ ရက်လုပ်ကြပြီး အချို့မှာ အဝတ်အထည်များဖြင့်လည်းကောင်း၊ လှပသော တိရစ္ဆာန်သားရေများဖြင့်လည်းကောင်း ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၌လည်း သစ်သားမှ လက်မှုလူသုံးကုန်ပစ္စည်းများကို ရှေးဘုရင်များလက်ထက်ကတည်းက ပြုလုပ်သုံးစွဲလာကြောင်း ရှေးဟောင်းသမိုင်းပြတိုက်များက သက်သေပြလျက်ရှိသည်။ သစ်သားကို လက်မှုလူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် စက်ရုံ/အလုပ်ရုံများ နိုင်ငံတစ်ဝန်း၌ တိုးတက်ထွန်းကားလျက်ရှိရာ စစ်ကိုင်းစက်မှုဇုန်၌ သစ်နှင့်သစ်အချောထည်၊ ပရိဘောဂ ပြုလုပ်သည့်စက်ရုံ ၁၁ ရုံရှိပြီး ယင်းတို့အနက် ရတနာသီဟ အဆင့်မြင့် သစ်အချောထည်နှင့်ပရိဘောဂလုပ်ငန်းအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ရတနာသီဟ သစ်အချောထည်နှင့်ပရိဘောဂစက်ရုံကို ၂၀၁၈ ခုနှစ်က ရင်းနှီးငွေကျပ်သန်း တစ်ထောင့်လေးရာကျော်ဖြင့် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကုန်ကြမ်းအဖြစ် ပိတောက်သား၊ ကျွန်းသားနှင့် တမလန်းသားများကို နိုင်ငံတော်မှ တရားဝင်ဝယ်ယူအသုံးပြုပြီး လူ၏လုပ်အားအနည်းငယ်သာ အသုံးပြုကာ ခေတ်မီ စက်ကိရိယာများဖြင့် တံခါးကျည်းခွေ၊ တံခါး၊ ပရိဘောဂမျိုးစုံတို့ကို အရွယ်အစားအမျိုးမျိုး ပြုလုပ်ကြောင်း သိရသည်။ ပရိဘောဂများပြုလုပ်ပုံအဆင့်ဆင့်မှာ ပထမဦးစွာ သစ်များကို စက်ဖြင့်လွှာခြင်း၊ လွှာပြီးသစ်များကို အစိုဓာတ်ကုန်စေရန် ရေနွေးငွေ့ဖြင့်ပေါင်းခံကြောင်း၊ သစ်အထူ/အပါးပေါ် မူတည်၍ သစ်ပေါင်းခန်း၌ ရက်ပေါင်းအနည်းဆုံး ၁၅ရက်မှ အများဆုံးရက် ၃၀ကြာ ပေါင်းခံခြင်း ပြုလုပ်ကြောင်း သိရသည်။ စက်ရုံ၌ သစ် ၁၀တန်ခန့် ဆံ့ဝင်သည့် သစ်ပေါင်းခန်း နှစ်ခန်းရှိသည်။ အစိုဓာတ်ကုန်ပြီးသော သစ်ချပ်များကို ရွှေပေါ်ထိုးပြီး သတ်မှတ်ထားသည့် အရှည်အတိုင်းအတာများ ဖြတ်တောက်ကြသည်။ အချို့သစ်ချပ်ကလေးများအား ပန်းဖော်စက်ဖြင့် ကနုတ်ပန်းဖော်ခြင်းများ ပြုလုပ်ရသည်။ သစ်ချပ်ပေါ်တွင် လိုအပ်သည့် အပေါက်များဖောက်ပြီး ပရိဘောဂ တပ်ဆင်ခြင်း လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆက်လက်၍ ပရိဘောဂအကြမ်းထည်များကို အချောကိုင်ခြင်း၊ ဆေးမှုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ပြီးပါက ရောင်းတန်းဝင် သစ်အချောထည် ပရိဘောဂများကို ရရှိကြောင်း သိရသည်။





အဆင့်မြင့် သစ်အချောထည် ပရိဘောဂများမှာ ဘုရားစင်၊ ခြောက်ဦးထိုင် ဆက်တီ(နဂါးခေါင်း၊ ကြာဖူး၊ ကြိုးကြာ၊ရိုးရိုး)၊ အထူးစပါယ်ရှယ် ဆင်ရုပ်ဆက်တီ၊ ထမင်းစားပွဲ(၅ဦး၊ ၁၀ဦး)၊ မတ်တပ်ကုလားထိုင်(ရိုးရိုး၊ နှစ်ယောက်တွဲ)၊ မှန်တင်ခုံ(လေးထောင့်၊ ဘဲဥပုံ)၊ ဘီဒိုအသေး၊ နှစ်ယောက်ထိုင်ခုံ အရှည်၊ နှစ်ယောက်အိပ် ခုတင် စသည်ဖြင့် သစ်ထွင်းပန်းပု ပန်းချီကားနှင့် အိမ်အတွင်းအလှဆင် သစ်အချောထည်များ၊ မျက်နှာကြက်နှင့် နံရံအလှဆင်အဆင့်မြင့် သစ်အချောထည်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ ပရိဘောဂများကို ပြုလုပ်ရန် တရုတ်နိုင်ငံမှ ပညာရှင်လေးဦးကို ဖိတ်ခေါ်၍ ပြုလုပ်နေသည့်အပြင် လုပ်သား၁၅ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားပြီး စားစရိတ်ငြိမ်း လုပ်သားတစ်ဦး တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းမှ ကျပ်သုံးသိန်းငါးသောင်းထိ လုပ်အားခပေးကြောင်း သိရသည်။

အဆင့်မြင့်ပရိဘောဂများ၏ ရောင်းဈေးနှုန်းများမှာ သစ်အမျိုးအစားနှင့်အရွယ်အစားပေါ် မူတည်၍ အနည်းဆုံးဈေး ကျပ် လေးသိန်းမှ ကျပ်သိန်းတစ်ရာကျော်ထိ တန်ဖိုးရှိပြီး အမှာစာများ ရရှိမှုအပေါ် မူတည်၍ ထုတ်လုပ်ရောင်းချကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းစက်မှုဇုန်ရှိ "ရတနာသီဟ" သစ်အချောထည်စက်ရုံမှ ထုတ်လုပ်သည့် အဆင့်မြင့် သစ်အချောထည် ပရိဘောဂများသည် သပ်ရပ်ခိုင်ခန့်လှပပြီး ဈေးနှုန်းမြင့်သဖြင့် သာမန်လူတန်းစားများ ဝယ်ယူသုံးစွဲနိုင်ခြင်း နည်းပါးသောကြောင့် မြန်မာနိုင်ငံအတွင်း ဈေးကွက်ဝေစုရရှိမှုနည်းကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ရောင်းချပါက နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ရှေးဦးပေါ် ကုလားထိုင်များသည် ယခုခေတ်ကဲ့သို့ ကျောမှီ၊ လက်တင်စသည် မပါသေးဘဲ ခြေလေးချောင်းတပ် ထိုင်ခုံ(ခွေးခြေ)များသာ ဖြစ်ကြသည်။ ရှေးအီဂျစ်လူမျိုးတို့သည် သစ်သားများကို ကောင်းစွာပြုပြင်ပြီး အိမ်ထောင်ပရိဘောဂများ သုံးစွဲခဲ့ကြောင်း သူတို့၏ ရှေးဟောင်းဂူသင်္ချိုင်းနံရံရှိ အရုပ်များတွင် တွေ့မြင်ရကြောင်း လေ့လာသိရှိရသည်။**

## မကွေးတိုင်းဒေသကြီး သရက်ခရိုင် စပျစ်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊အထက်မင်းလှရှိ ရွာတော်၊ ပန်းတော်ပြင်၊ မယ်ဇလီတောကျေးရွာတို့တွင် စပျစ်သီးကိုစီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရှိရသည်။

စပျစ်မျိုးပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက်မှ (Black Queen)စပျစ်မျိုးကိုသာ စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့စိုက်ပျိုးခြင်း၊ ကိုင်းကူးစိုက်ပျိုးခြင်းနှင့် ကိုင်းဖြတ်၍ ပျိုးထောင်စိုက်ပျိုးခြင်းဟူ၍သုံးမျိုးရှိရာ ကိုင်းဖြတ်ပျိုးထောင်စနစ်ကိုအသုံးပြုပြီး ကြိုးတန်းစနစ်ဖြင့်မစိုက်ဘဲ စင်တင်စနစ်ဖြင့်သာ စိုက်ပျိုးထားကြောင်း၊စပျစ်မှာနှစ်ရှည်ပင်ဖြစ်၍ စတင်စိုက်ပျိုးချိန်မှ တစ်နှစ်အကြာတွင် အသီးခူးရကြောင်း၊ စိုက်ပျိုးနည်းစနစ်ပေါ် မူတည်၍လည်း တစ်နှစ်လျှင်နှစ်သီးမှသုံးသီးခူးနိုင်ကြောင်း၊ ပုံမှန်အားဖြင့် မိုးရာသီတွင် သီးသောအသီးနှင့် ဆောင်းရာသီတွင် သီးသောအသီးဟူ၍ရှိပြီး မိုးစပျစ်မှာ ဧပြီလတွင် အဖူးစတင်ပွင့်ပြီး ဆောင်းစပျစ်မှာ နိုဝင်ဘာလတွင်ပွင့်ကြောင်း၊ အဖူးပွင့်ပြီး ၁၅ ရက်အကြာတွင် အသီးတင်ကာ ရက်ပေါင်း၁၂၀ ကျော်တွင် ခူးရကြောင်း၊ဓာတ်မြေသြဇာမှာဆောင်းစပျစ်တွင် ပိုကျွေးရကြောင်း၊ ရေသွင်းစိုက်ပျိုးရသည်ဆိုသော်လည်း အသီးသီးချိန်တွင် ရေလျှော့သွင်းရကြောင်း၊ ရေသွင်းများပါက အသီးများ ကွဲတက်ပြီး အသီးမတင်ဘဲဖြစ်တတ်ကြောင်း၊ မိုးရာသီစပျစ်မှာ မချိုသောကြောင့် အရည်အသွေးညံ့သဖြင့် ဝိုင်ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပြုလုပ်ပြီး စပျစ်ဝိုင်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းသို့ တင်ပို့ကြောင်း၊ ဆောင်းစပျစ်မှာချို၍ အရည်အသွေးကောင်းသဖြင့် ရောင်းတန်းဝင်ကြောင်း၊ စပျစ်သီးဈေးနှုန်းမှာယခင်နှစ်တွင်(Black Queen)စပျစ်သီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ရကြောင်း၊ ဆောင်းရာသီတွင် စပျစ်အထွက်နှုန်းကောင်းလျှင် အမြတ်ပိုမိုရရှိကြောင်း၊ စပျစ်စိုက်ပျိုးသူ ဦးစိုးနိုင်ထံမှ သိရှိရသည်။

**နှင်းလွင်ဦး**

# တရုတ်ကြက်သွန်ဖြူနှင့် ရှမ်းကြက်သွန်ဖြူဂယက်

တင်ဌေး(အောင်ပန်း)

ကြက်သွန်ဖြူသည် ရှမ်းပြည်နယ်၏ အဓိကထွက်ကုန်တစ်မျိုးဖြစ်သည်။ မြန်မာကြက်သွန်ဖြူ ဈေးကွက်တွင် တရုတ်ကြက်သွန်ဖြူ (ကြူကုတ်)နှင့် ရှမ်းကြက်သွန်ဖြူတို့ အားပြိုင်နေကြသည်။ မြန်မာနိုင်ငံ ကြက်သွန်ဈေးကွက်တွင် ရှမ်းကြက်သွန်ဖြူ အရည်အသွေးနှင့်ဈေးနှုန်းအရ ဈေးကွက်ဝေစု ၃ ပုံ ၂ပုံနှင့် တရုတ် ကြက်သွန်ဖြူ(ကြူကုတ်)သည် ဈေးကွက်ဝေစု ၃ပုံ ၁ပုံခန့် ရရှိနေသည်။

ကြက်သွန်ဖြူသည် မိသားစုတိုင်း စားသုံးကြသည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ ကြက်သွန်ဖြူ သုံးစွဲမှုအရ လူတစ်ဦးလျှင် တစ်ရက် သုည ဒသမ ၁၂ကျပ်သား၊ တစ်လလျှင် သုည ဒသမ ၀၄ ပိဿာနှင့် တစ်နှစ်လျှင် သုည ဒသမ ၄၃ ပိဿာ ခန့် စားသုံးနေသည်ဟု လေ့လာသိရှိရသည်။ အောင်ပန်းဒေသ ကြက်သွန်ဖြူ ကုန်သည်၊ ပွဲစားများသည် ကြက်သွန်ဖြူပေါ်ချိန်တွင် တစ်ရက်လျှင် ကုန်စည် ပိဿာချိန် ၈၀၀၀ခန့်နှင့် ရောင်းဝယ်မှုပါးချိန်တွင် တစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ ခန့် မြန်မာပြည်အနှံ့ တင်ပို့ရောင်းဝယ်လျက်ရှိသည်။

တရုတ်ကြက်သွန်ဖြူ(ကြူကုတ်)သည် အလုံးဆိုဒ်ကြီး၍ ဈေးနှုန်းသင့်တင့်သဖြင့် စားသောက်ဆိုင် အသေးစားလုပ်ငန်းများတွင် အသုံးများသည်။ အနံ့အရသာမှာ ရှမ်းကြက်သွန်ဖြူလောက် မပြင်းဘဲ အလုံးဆိုဒ်ကြီး၍ အသုံးပြုရာတွင် လက်မဝင်ဘဲ အခွံခွာရလွယ်ကူစေသည့်အတွက် တရုတ်ကြက်သွန်ဖြူ (ကြူကုတ်)သည် ရှမ်းမြောက်မှတစ်ဆင့် မြန်မာပြည်တွင်းသို့ စီးဆင်းဝင်ရောက်လာသည်။

ရှမ်းကြက်သွန်ဖြူကို ဩဂုတ်လနှင့် စက်တင်ဘာတို့တွင် စိုက်ပျိုးရန် မြေပြုပြင်ခြင်းပြုလုပ်ကြသည်။ အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုး၍ ဒီဇင်ဘာလမှ ဇန်နဝါရီလတို့တွင် အပင်ပြုစုခြင်း ဆောင်ရွက်ကြပြီး ဖေဖော်ဝါရီလမှ မေလတို့တွင် ရိတ်သိမ်းတူးဖော်၍ ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ တောင်သူများကလည်း သီးနှံထွက်ချိန်မှစ၍ သိုလှောင်ပြီး သင့်တင့်သောဈေးနှုန်းရလျှင် ရောင်းချကြပေသည်။

ထို့ကြောင့် နှစ်တစ်နှစ်ကို နှစ်ပိုင်းခွဲလျှင် ဇူလိုင်လမှ ဒီဇင်ဘာလအထိ (၆)လခန့် စိုက်ပျိုးပြုစု ရိတ်သိမ်းချိန်ဖြစ်ပြီး တောင်သူများထံတွင် လက်ကျန်ပါးနေသည့်အချိန်ဖြစ်သည်။ ကျန်သည့် ဇန်နဝါရီမှ မေလအထိ တောင်သူများ ကြက်သွန်ဖြူပေါ်ချိန်တွင် သိုလှောင်၍ ဈေးကောင်းစောင့်ချိန်ဖြစ်ပေသည်။ ထို့ကြောင့် စက်တင်ဘာ- အောက်တိုဘာ-နိုဝင်ဘာလများသည် တောင်သူများထံတွင် သီးနှံ လက်ကျန်ပါး၍ ဈေးကွက်သို့ အဝင်ပါးချိန် ဈေးတက်လေ့ရှိချိန်အဖြစ် သုံးသပ်ရပေမည်။ ထိုသို့ ဆောင်းဦးပေါက် ပွင့်လင်းရာသီတွင် မြန်မာပြည်တစ်ဝန်းအလှူအတန်း ပြုလုပ်ကြရာ ဟင်းအမယ်များတွင် ပါဝင်အသုံးပြုရသော ကြက်သွန်ဖြူသည် ဈေးကွက်လိုအပ်ချက်ဖြစ်လာသည်။

ရှမ်းတောင် ကြက်သွန်ဖြူ စိုက်ဧကမှာ ၂၀၂၂ ခုနှစ်တွင် နယ်မြေဒေသအခြေအနေကြောင့် စိုက်ဧက အနည်းငယ်လျော့ကျပြီး အထွက်နှုန်းလျော့ကျခြင်းတို့ကြောင့် ၂၀၂၃ခုနှစ် နှစ်ကုန်ပိုင်းတွင်ဈေးကွက် လိုအပ်ချက် ဖြစ်ပေါ်လာသည်။

ယခုနှစ် အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာလဆန်းပိုင်းတွင် တရုတ်ကြက်သွန်ဖြူ(ကြူကုတ်) သည်လည်း လမ်းပန်းအခက်အခဲကြောင့် ကုန်စည် ဝင်ရောက်မှု ရပ်ဆိုင်းခဲ့ရသဖြင့် ကြူကုတ် တစ်ပိဿာ ကျပ် ၈၅၀၀ ခန့်မှ ၁၄၀၀၀ ခန့်အထိ မြင့်တက်ခဲ့ရာ ရှမ်းကြက်သွန်ဖြူ အဝင်ပါးချိန် တရုတ်ကြက်သွန်ဖြူပါ အဝင်မရှိတော့သည့်အတွက် ဈေးနှုန်း၊ ဈေးကွက် ရုတ်တရက် ဂယက်ရိုက်ခဲ့ရာ ရှမ်းကြက်သွန်ဖြူပါ ဈေးကွက်တွင် မြင့်တက်ခဲ့လေသည်။ ရှမ်းကြက်သွန်ဖြူ၏ လအလိုက် ဈေးနှုန်းဈေးကွက်ကို ဇယား (၁) ဖြင့် တင်ပြရ ပေသည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းစာရင်း

| စဉ် | လအမည် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|---|
| ၁ | January | ၃၀၀၀-၅၅၀၀ | ၁၄၀၀-၂၇၀၀ | ၅၀၀-၁၈၀၀ | ၂၀၀၀-၄၁၀၀ | ၂၀၀၀-၄၅၀၀ | ၃၂၀၀-၃၇၀၀ | ၄၂၀၀-၆၅၀၀ |
| ၂ | February | ၃၀၀၀-၆၀၀၀ | ၁၇၀၀-၂၇၀၀ | ၃၀၀-၁၈၀၀ | ၃၅၀၀-၅၅၀၀ | ၃၂၀၀-၅၄၀၀ | ၃၀၀၀-၃၅၀၀ | ၃၇၀၀-၆၂၀၀ |
| ၃ | March | ၁၀၀၀-၁၈၀၀ | ၂၅၀-၁၄၀၀ | ၃၀၀-၁၄၀၀ | ၂၀၀၀-၂၆၀၀ | ၂၃၀၀-၃၀၀၀ | ၁၇၀၀-၂၉၀၀ | ၅၄၀၀-၇၅၀၀ |
| ၄ | April | ၁၇၀၀-၂၆၀၀ | ၂၅၀-၁၂၀၀ | ၃၀၀-၁၆၀၀ | ၂၀၀၀-၂၆၀၀ | ၂၀၀၀-၂၉၀၀ | ၂၀၀၀-၂၈၀၀ | ၃၅၀၀-၆၀၀၀<br>၅၇၀၀-၇၈၀၀ |
| ၅ | May | ၁၈၀၀-၃၀၀၀ | ၄၀၀-၁၄၀၀၀ | ၈၀၀-၂၄၀၀ | ၁၀၀၀-၂၄၀၀ | ၁၂၀၀-၂၅၀၀ | ၁၇၀၀-၂၈၀၀ | ၃၅၀၀-၆၆၀၀ |
| ၆ | June | ၁၉၀၀-၂၉၀၀ | ၄၀၀-၁၅၅၀ | ၁၁၀၀-၃၀၀၀ | ၁၂၅၀-၂၃၀၀ | ၁၄၀၀-၂၇၀၀ | ၁၄၀၀-၃၅၀၀ | ၇၂၀၀-၈၉၀၀ |
| ၇ | July | ၁၇၀၀-၂၉၀၀ | ၄၀၀-၁၅၅၀ | ၁၁၀၀-၃၁၀၀ | ၁၂၀၀-၂၄၀၀ | ၁၃၀၀-၂၆၀၀ | ၃၀၀၀-၅၅၀၀ | ၇၅၀၀-၇၈၀၀ |
| ၈ | August | ၁၆၀၀-၂၉၀၀ | ၃၀၀-၁၃၀၀ | ၁၁၀၀-၃၁၀၀ | ၁၂၅၀-၂၃၅၀ | ၁၃၀၀-၂၆၀၀ | ၃၂၀၀-၆၀၀၀ | ၇၅၀၀-၈၃၀၀ |
| ၉ | September | ၂၀၀၀-၄၀၀၀ | ၃၀၀-၁၄၀၀ | ၁၁၀၀-၃၁၀၀ | ၁၅၀၀-၂၆၀၀ | ၁၃၀၀-၂၁၀၀ | ၃၅၀၀-၆၅၀၀ | ၈၄၀၀-၉၀၀၀ |
| ၁၀ | October | ၁၉၀၀-၂၉၀၀ | ၄၀၀-၁၅၅၀ | ၁၁၀၀-၃၅၀၀ | ၁၀၀၀-၂၃၀၀ | ၁၀၀၀-၁၈၀၀ | ၂၂၀၀-၂၈၀၀ | ၄၀၀၀-၆၀၀၀ |
| ၁၁ | November | ၂၀၀၀-၃၀၀၀ | ၄၀၀-၁၅၀၀ | ၁၆၀၀-၃၉၀၀ | ၁၅၀၀-၂၆၀၀ | ၁၆၀၀-၂၆၀၀ | ၃၀၀၀-၅၅၀၀ | ၁၁၀၀၀-၁၅၀၀၀ |
| ၁၂ | December | ၂၀၀၀-၃၀၀၀ | ၃၀၀-၁၅၅၀ | ၁၇၀၀-၄၀၀၀ | ၁၅၀၀-၂၉၀၀ | ၁၇၀၀-၂၉၀၀ | ၃၅၀၀-၆၀၀၀ | |



နှစ်အလိုက် ဈေးနှုန်းဈေးကွက်အရ သီးနှံတောင်သူ လက်ကျန် ပါးချိန် စက်တင်ဘာလ ခန့်မှစ၍ သီးနှံပေါ်ချိန် ဇန်နဝါရီလအထိ ဈေးမြင့်လျက်ရှိနေကြောင်း သုံးသပ်ရပေမည်။ ရှမ်းကြက်သွန်ဖြူသည် ပြည်တွင်းဈေးကွက်ကိုသာ ရောင်းဝယ်ဖြန့်ဖြူးလျက်ရှိရာ ဈေးကွက်လိုအပ်ချက် ပြည့်မီရန် တိုးချဲ့စိုက်ပျိုးသင့်သည်။ မြန်မာပြည်တွင် ရှမ်းကြက်သွန်ဖြူ အသုံးများသည်။ အနံ့အရသာ ကောင်းမွန်ခြင်း၊ ကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သိုလှောင်ရာတွင် အလေအလွင့် နည်းခြင်းစသည့် အားသာချက်များကြောင့် အသုံးပြုသူ များပြားပါသည်။ စိုက်ပျိုးသူတောင်သူများမှာလည်း သွင်းအားစု စရိတ်ကြီးမားခြင်း၊ မျိုးစေ့အတွက် အရင်းအနှီးများလာခြင်း၊ တစ်ဧက ကုန်ကျစရိတ် မြင့်တက်လာခြင်းနှင့် ဈေးကွက် အရောက် သယ်ယူစရိတ်များ မြင့်မားလာခဲ့သည်။

ပြည်တွင်းထုတ်လုပ်မှုစရိတ် မြင့်မား၍ ဈေးနှုန်းမြင့်မားသည်က ဆိုဖွယ်ရာမရှိသော်လည်း ပြည်ပ သီးနှံ ဝင်ရောက်မှုမရှိ၍ ဈေးကွက်ဝယ်စုကို ဦးဆောင်ရမည့်အစား ဈေးကွက်ဈေးနှုန်း ဂယက်ရိုက်အောင် လုပ်ဆောင်သူများ ဆင်ခြင်သင့်ပါသည်။ စားသုံးသူကို စာနာသင့်သည်။ အဘက်ဘက်က ကုန်စည် ဈေးနှုန်းမြင့်တက်၍ အခက်အခဲရှိချိန် ဈေးကွက်တည်ငြိမ်းပြီး ဈေးသင့်တင့်မျှတရန် လိုအပ်ပါသည်။

ဈေးနှုန်း၊ ဈေးကွက် ကြီးမြင့်လာမှုကြောင့် အသေးစား အလတ်စား ထုတ်ကုန်များသည်လည်း ဈေးကွက်တွင် ဆက်လက်ရှင်သန်ဖို့ရာ ကုန်ကြမ်းပစ္စည်းများကို အရည်အသွေး မပြည့်မီသည်များ အသုံးပြုခြင်း၊ အရေအတွက်လျှော့ချ၍ သုံးခြင်းတို့ကြောင့် စားသုံးသူများအတွက် ဘေးကင်းလုံခြုံသည့် ကုန်စည်များ ရှားပါးလာပေသည်။

အမှန်တကယ် ကြက်သွန်သီးနှံတောင်သူ လက်ကျန်နည်း၍ ဈေးကွက်တွင် ကုန်ဝင်ပါးခြင်း၊ ဈေးကွက် လိုအပ်ချက်များလာခြင်း၊ သယ်ယူပို့ဆောင်စရိတ်မြင့်မားခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်းအကြောင်းတို့ကြောင့် ဈေးနှုန်းမြင့်လာခြင်းသည် အမှန်တကယ် ဈေးနှုန်းမြင့်မားခြင်းဖြစ်ပေသည်။ ထိုဖြစ်ရပ်များသည် သီးနှံစိုက်ပျိုးထုတ်လုပ်သူ၊ ကုန်သည်ပွဲစား၊ ရောင်းချဖြန့်ဖြူးသူ မည်သူ့ကိုမျှ ဆိုစရာမရှိပေ။ သို့သော်ဈေးကွက်ဝေစုကို ဦးဆောင်ထားသော်လည်း ကုန်စည်ဖြင့် ကုန်ဈေးနှုန်းကြီးမြင့်အောင် ထိန်းချုပ်ထားခြင်း၊ ဈေးကွက် လိုအပ်ချက်ကို အသုံးပြု၍ ကုန်စည်ဈေးနှုန်းချုပ်ကိုင်ထားခြင်း၊ ပြည်ပသီးနှံ ဝင်ရောက်မှုနည်းပါးခြင်းကို အကြောင်းပြု၍ ဈေးနှုန်းကို လိုအပ်သလို ကစားလေ့ရှိခြင်းတို့သည် မလိုလားအပ်ဘဲ ဈေးနှုန်းမြင့်တင်ခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။

ပြည်တွင်းသုံးသီးနှံများတွင် စားဖိုဆောင်သီးနှံနှင့် ကုန်စိမ်းသီးနှံများသည် စားသုံးသူတိုင်းကို တိုက်ရိုက် သက်ရောက်မှုရှိသဖြင့် အရောင်းအဝယ်လောကသားတိုင်း ဆင်ခြင်သင့်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။

## နေပြည်တော်ကောင်စီအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းအခြေအနေ

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း နေပြည်တော် ကောင်စီနယ်မြေတွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၆၈၀၀၊ ဧည့်မထ တစ်ပြည် ကျပ် ၃၅၀၀၊ မနောသုခ တစ်ပြည် ကျပ် ၃၄၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ကျပ် ၄၀၀၀၊ (လတ်)တစ်ပိဿာ ကျပ် ၃၈၀၀၊ (သေး)တစ်ပိဿာ ကျပ် ၃၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ကျပ် ၁၈၀၀၀ ထိ၊ (ရှမ်း)တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ထိ၊ ငရုတ်သီးခြောက် လက်လီဈေးမှာ (အရှည်) တစ်ပိဿာ ကျပ် ၁၆၀၀၀ မှ ကျပ် ၁၈၀၀၀ ထိ၊ (အပု)တစ်ပိဿာ ကျပ် ၂၄၀၀၀ မှ ကျပ် ၃၀၀၀၀ ထိ၊ အာလူး လက်လီဈေးမှာ ကျပ် ၂၉၀၀ မှ ကျပ် ၃၂၀၀ ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥ လက်လီဈေးမှာ တစ်လုံး ကျပ် ၂၄၀မှ ကျပ် ၂၆၀ထိ ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၏ အသား/ငါး ဈေးနှုန်းများမှာ ကြက်သား(CP) တစ်ပိဿာ ၉၀၀၀ကျပ်မှ ကျပ် ၁၂၀၀၀ ထိ၊ ကြက်သား(ဗမာ) တစ်ပိဿာ ကျပ် ၁၆၀၀၀မှ ကျပ် ၂၀၀၀၀ထိ၊ ဝက်သား တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ကျပ် ၁၆၀၀၀ ထိ၊ အမဲသား တစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ကျပ် ၁၄၀၀၀ ထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ကျပ် ၁၁၀၀၀ ထိ၊ ငါးကြင်းတစ်ပိဿာ ကျပ် ၁၃၅၀၀ မှ ကျပ် ၁၅၀၀၀ ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီ ဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် ကျပ်၁၅၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ နှင့် နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ထွန်းမင်းသန့်(နေပြည်တော်)

Vol: 23, No.23 Monday November 20 2023

# အောက်တိုဘာလအတွင်း တရုတ်သို့ ပြောင်းတန်ချိန် ၆၀၀၀ နီးပါး တင်ပို့ခဲ့

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံကို နယ်စပ်လမ်းကြောင်းမှနေ၍ မြန်မာ့ပြောင်းတန်ချိန် ၆၀၀၀ နီးပါး တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တရုတ်-မြန်မာနယ်စပ်မှ ပြောင်းတန်ချိန် ၅၉၂၀ တန် တင်ပို့ခဲ့သည့်အပြင် ထိုင်းနယ်စပ်မှလည်း ပြောင်းတန်ချိန် ၉၆ တန် တင်ပို့ခဲ့ခြင်းကြောင့် အဆိုပါ တစ်လအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ပြောင်းတန်ချိန် ၆၀၁၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၉ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါ အောက်တိုဘာလအတွင်းမှာပင် ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန်၈၉၀၀ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၈ သန်း ရရှိခဲ့ခြင်းကြောင့် တစ်လအတွင်း နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှုအနေဖြင့် တန်ချိန် ၁၄၉၁၀ ကျော်ရှိခဲ့ပြီး တန်ဖိုး ၃ ဒသမ ၉၆၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ပြောင်းကို တရုတ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ် အစရှိသည့် နိုင်ငံပေါင်း ၇၀ သို့ တင်ပို့လျက်ရှိပြီး ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် ၂ ဒသမ ၃ သန်းနှင့် ၂ ဒသမ ၆ သန်းကြား ထွက်ရှိကြောင်း သိရသည်။

ပြည်ပတင်ပို့မှုအနေနှင့် နှစ်စဉ်တန်ချိန် နှစ်သန်းကျော်အထိရှိပြီး အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါးအထိ ပို့ကုန်ဝင်ငွေ ရရှိနေသည့် စိုက်ပျိုးရေးထွက်ကုန်ဖြစ်သည်။ တစ်နှစ်လျှင် ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဝန်းကျင်ရှိနေပြီး မြန်မာနိုင်ငံအတွက် ဆန်တင်ပို့မှုပြီးလျှင် ပို့ကုန် ဝင်ငွေ ဒုတိယအများဆုံး ရှာဖွေပေးနေသည့် စိုက်ပျိုးရေးသီးနှံဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ တင်ပို့သည့် အစေ့ထုတ်ပြောင်း အမျိုးအစားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အဓိက စိုက်ပျိုးပြီး စိုက်ဧက ခုနစ်သိန်းကျော်အထိ ရှိကြောင်း သိရသည်။



# ပြည်တွင်းရှိ စက်ရုံ ၁၀၀ နီးပါးမှ အထည်များကို ပိုလန်နိုင်ငံက မှာယူမှုများရှိနေ

ပိုလန်နိုင်ငံအနေဖြင့် မြန်မာပြည်တွင်းရှိ အထည်ချုပ်စက်ရုံ တစ်ရာနီးပါး၌ အထည်မှာယူမှုများရှိနေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

“ကျွန်မတို့ အထည်ချုပ်အသင်းကို အကြောင်းကြားခြင်းမရှိဘဲ ပြည်တွင်းက အထည်ချုပ်စက်ရုံ တစ်ရာနီးပါးမှာ ပိုလန်နိုင်ငံက အထည် မှာယူမှုတွေရှိနေပါတယ်”ဟု အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။ လက်ရှိ တွင် ပြည်တွင်း၌ အထည်အမှတ်တံဆိပ်အချို့ ထွက်ခွာသော်လည်း အော်ဒါအသစ်များ မြင့်တက်နေကြောင်း သိရသည်။

“တချို့ ဘရန်းတွေက ထွက်ခွာမယ်လို့ ကြေညာတဲ့ ဘရန်းတွေရှိတယ်။Orderလည်းလျှော့မယ်လို့ပြောတဲ့ဘရန်းတွေရှိတယ်။ အသစ်ရောက်လာတဲ့ ဘရန်းတွေလည်း အများကြီးရှိပါတယ်”ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောသည်။

အချို့သော အမှတ်တံဆိပ်များသည် နိုင်ငံအတွင်းမှ ဖြည်းဖြည်းချင်း ဆုတ်ခွာမည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း စက်ရုံပိတ်သိမ်းမှုအပေါ် သိသာထင်ရှားစွာ ကြားသိရခြင်း မရှိသေးသည့်အပြင် လက်ရှိအချိန်ထိ ဝယ်သူများ ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိ၌ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်စက်ရုံပေါင်း ၅၀၀ နီးပါး၊ လုပ်သားဦးရေ လေးသိန်းခွဲနှင့် ငါးသိန်းခွဲကြားဖြင့် လုပ်ငန်းလည်ပတ်နေပြီး ထုတ်လုပ်မှုများကိုလည်း စဉ်ဆက်မပြတ် ထုတ်လုပ်နေကြောင်း သိရသည်။

# ကလောနှင့် ပင်းတယတွင် စိုက်ပျိုးရေးထုတ်ကုန် ဈေးရုံစီမံကိန်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း MAEX ကုမ္ပဏီ ကြေညာ

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကလောခရိုင်နှင့် ပင်းတယခရိုင်အတွင်း၌ စိုက်ပျိုးရေးထုတ်ကုန်များ စုဆောင်းသိုလှောင် ရောင်းချမည့် ဈေးရုံစီမံကိန်း (Collector Market)ကို လာမည့် ၂၀၂၄ ခုနှစ်၊ ပွင့်လင်းရာသီတွင် စတင်အကောင်အထည်နိုင်ရန် မျှော်မှန်းထားကြောင်း Myanmar Agro Exchange Public Ltd (MAEX) က ကြေညာထားသည်။

စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်(တောင်ပိုင်း) ကလောခရိုင်နှင့်ပင်းတယခရိုင်အတွင်းက ဟဲဟိုး-ဘော်ဆိုင်းလမ်းမအနီး ယာမြေ ၂၄ ဒသမ ၉ ဧက၊ ဟဲဟိုး- ဘော်နင်းလမ်းမအနီး ယာမြေ လေးဧကနှင့် ဟဲဟိုး-ကျုံးအကြား လမ်းမအနီး ယာမြေ ၉ ဒသမ ၅၉ ဧက၊ စုစုပေါင်း ယာမြေ ၃၈ ဒသမ ၄၉ ဧကအား ဝယ်ယူထားကြောင်း သိရသည်။

MAEX အနေနှင့် အဆိုပါ စီမံကိန်းကို ၂၀၂၄ ခုနှစ် ပွင့်လင်းရာသီတွင် စတင်အကောင်အထည်ရန် မျှော်မှန်းထားပြီး ထိုမျှော်မှန်းထားသည့်အချိန်ထက် ဆောလျင်စွာ ဆောင်ရွက်နိုင်ရန်ကိုလည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်သည် စီမံကိန်းဆောင်ရွက်နိုင်ရန် ကနဦးကာလဖြစ်သောကြောင့် ကုမ္ပဏီအနေဖြင့် MIC Permit ရရှိရန်နှင့်စီမံကိန်းလုပ်ကိုင်ခွင့်ရရှိရန်အတွက် လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Collector Market စီမံကိန်းတွင် စိုက်ပျိုးရေး ထုတ်ကုန်များကို အရည်အသွေး စံချိန်စံညွှန်းအလိုက် ရွေးချယ်၍ အမျိုးအစား ခွဲခြားခြင်းနှင့်သန့်စင်ထုတ်ပိုးခြင်း (Sorting and Packaging) ဈေးရုံများ၊ မျိုးသီးနှံများ စနစ်တကျ သိုလှောင်ရန်နှင့် ထွက်ကုန်ပစ္စည်းများ စနစ်တကျထားရှိရန်အတွက် အအေးခန်းများ (Cold Storage)၊ အခြောက်ခံသိုလှောင်ရုံများ (Dry Storage)အပြင် ပွဲရုံများဖြင့် တောင်သူတိုက်ရိုက်ရောင်းချနိုင်သည့် ဈေးရုံများကို ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် တည်းကုန်းလက်ကားဈေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည့် မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)အနေနှင့် အထက်ပါ စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းတန်ဖိုး ခန့်မှန်းခြေနှင့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အသေးစိတ်တွက်ချက်ကာ ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း အသိပေးချက် ထုတ်ပြန်ထားသည်။


ပန်းဆု-စုစည်းသည်

# ဂျပန်အပါအဝင် သုံးနိုင်ငံသို့ ပျားရည်တန်ချိန် ၁၃၀၀ ကျော် တင်ပို့ထား

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း ပြည်ပဈေးကွက်သို့ မြန်မာ့ပျားရည်တန်ချိန် ၁၃၁၉ ဒသမ ၀၂ တန် တင်ပို့ထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါ ကာလအတွင်း ပျားရည်တင်ပို့မှုကို ဂျပန်၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံများသို့ ပုဂ္ဂလိကကဏ္ဍမှ တင်ပို့ထားခြင်းဖြစ်ပြီး ပုံမှန်ကုန်သွယ်ရေးဖြစ်သည့် ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ထားခြင်းဖြစ်ကြောင်း သိရသည်။

ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ်အသုံးပြုကြပြီး ပြည်ပဈေးကွက်သို့ တင်ပို့ထားနိုင်သဖြင့် နိုင်ငံခြားဝင်ငွေ ရရှိနေခြင်းဖြစ်ကာ လက်ရှိတွင် ပျားရည်တန်ချိန် ၁၃၀၀ ကျော် တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၈ သန်းရရှိထားကြောင်း သိရသည်။



ပြည်တွင်း၌ လက်ရှိ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုင်ချီးပျားရည် စသည့် အမျိုးအစားများ ထုတ်လုပ်လျက်ရှိသည်။

ပြည်ပဈေးကွက်၌ မြန်မာ့ပျားရည် တစ်တန်ပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ အကြား ရရှိနေပြီး နှစ်စဉ် တန်ချိန် ၃၀၀၀ ခန့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပျားလုပ်ငန်းဌာနအနေဖြင့် မြို့နယ် ၃၁ မြို့နယ်၌ အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခု ဖွင့်လှစ်ထားရှိပြီး ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသလို ပုဂ္ဂလိကပျားမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကိုလည်း နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်ကို ဂျပန်၊ ထိုင်း၊ ကိုရီးယားနိုင်ငံများအပြင် တရုတ်၊ ဆော်ဒီအာရေဗျ၊ အမေရိကန်၊ စင်ကာပူနှင့် ဥရောပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

# “အခွန်ဆောင်ရမယ်ဆိုတဲ့အပေါ်မှာ ဘယ်လို လွယ်လွယ်ကူကူ ဆောင်လို့ရမလဲဆိုတာ ဆွေးနွေးခဲ့ပါတယ်”

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကပ္ပတိန် ဦးစိုးမင်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားများအနေဖြင့် ကိုင်ဆောင်မည့် Passport For Job (PJ) နှင့် Passport For Seaman (PS) နိုင်ငံကူးလက်မှတ် အမျိုးအစားများအတွက် သက်တမ်းတိုးမြှင့်ခြင်း လာရောက်လျှောက်ထားရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြနိုင်မှသာ သက်တမ်းတိုးမြှင့်ပေးမည်ဖြစ်သည်။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့်နိုင်ငံမှ ရရှိမည့် အနိမ့်ဆုံးလစာနှုန်းထားကို အခြေခံကာ ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လကုန်ထိ ခြောက်လစာကိုတွက်ချက်ပြီး နှစ်ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ ယင်းသို့ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အခွန်ကင်းရှင်းကြောင်း တင်ပြရမည့် ကိစ္စရပ်နှင့်စပ်လျဉ်းပြီး သင်္ဘောသားများ ကြုံတွေ့နေရသည့် အခြေအနေများအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် ဦးစိုးမင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များအား ဖော်ပြလိုက်ရပါသည်။**

**နိုင်ငံကူးလက်မှတ် လျှောက်တဲ့အခါ အခွန်ကင်းရှင်းကြောင်း တင်ပြရမှာနဲ့ပတ်သက်ပြီး ပြည်ပထွက်ခွာမယ့် သင်္ဘောသားတွေအနေနဲ့ ဘယ်လိုကြုံတွေ့နေရပါသလဲ။**

အခွန်ဆောင်ထားတယ်ဆိုတာ ပူးတွဲပြမှ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းကို ခွင့်ပြုမယ်ဆိုတဲ့ အခါကျတော့ သင်္ဘောသားတွေအနေနဲ့ ပတ်စ်ပို့သွားလျှောက်တဲ့အခါမှာ အဆင်မပြေဖြစ်တယ်။ သင်္ဘောသားတွေကို အခွန်ထမ်းဆောင်ဖို့ လိုအပ်တယ်လို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ဒါပေမယ့် အခွန်ထမ်း ရမယ်ဆိုတဲ့ အခါကျရင် သင်္ဘောသားတွေအနေနဲ့ ဘယ်လို လွယ်လွယ်ကူကူ အခွန်ထမ်းလို့ရမလဲ။ နောက်တစ်ခုက ပတ်စ်ပို့လျှောက်တဲ့အချိန်မှာ အခွန်ဆောင်ထားတဲ့ စာရွက်စာတမ်း တွဲပြရမယ်ဆိုတော့ သူက ဘယ်လိုဖြစ်နေလဲဆိုတော့ လက်ရှိ ရှိနေတဲ့ ဥပဒေအရ အခွန်ထမ်းသင့်တဲ့သူတွေအားလုံးကို အောက်တိုဘာလ ၁ ရက်ကနေစပြီး အခွန်ထမ်းရမယ်လို့ ပြောလိုက်တယ်။ သို့သော် အဲဒီအချိန်မှာ သင်္ဘောသားက ဒီအမိန့်ကြေညာစာ ထုတ်ပြန်ခြင်းမပြုခင်မှာ အလုပ်လုပ်ထားတဲ့ သင်္ဘောသားက အခွန်ထမ်းရမှာလား၊ မထမ်းရမှာလားဆိုတဲ့ မေးခွန်းဖြစ်လာတယ်။ တကယ်လို့ အခွန်ထမ်းရမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့အနေနဲ့ တစ်မျိုးလုပ်ရမှာပေါ့နော်။ သင်္ဘောသားတွေဘက်ကတော့ အလုပ်အကိုင်မရှိသေးတဲ့ အချိန်မှာ အခွန်ထမ်းရမယ်ဆိုတဲ့အခါကျတော့ အဆင်မပြေဘူးပေါ့နော်။

**ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနကို တင်ပြခဲ့တယ်လို့လည်း သိရပါတယ်။**

ဟုတ်ပါတယ်။ နိုင်ငံကူးလက်မှတ် လျှောက်တဲ့အချိန်မှာ သင်္ဘောသားတွေက အဆင်မပြေဘူးဆိုတော့ ကျွန်တော်တို့က ပြည်တွင်းအခွန်ဦးစီးဌာနကို သွားတွေ့ပါတယ်။သင်္ဘောသားတွေအစား လူမှုကွန်ရက်ပေါ်မှာ ပြောနေတဲ့ သင်္ဘောလေးတွေ အရပဲ တင်ပြဆွေးနွေးခဲ့ပါတယ်။ အခွန်ဆောင်ရမယ်ဆိုတဲ့ အပေါ်မှာ ဘယ်လို လွယ်လွယ်ကူကူ ဆောင်လို့ရမလဲဆိုတာ ဆွေးနွေးခဲ့ပါတယ်။ ဘယ်လိုမြန်မြန်ဆန်ဆန် ဆောင်လို့ရမလဲ။ ဘယ်လိုနည်းလမ်းနဲ့ သတ်မှတ်ပြီးကောက်မှာလဲဆိုတာ တိတိကျကျ သိရဖို့လိုအပ်ပါတယ်။ ဘာလို့ဆိုတော့ လစာဆိုတဲ့အပေါ်မှာ ဘာတွေပါလာမလဲဆိုတော့ အခြေခံလစာအပြင် အခြားခံစားခွင့်တွေ ရှိမယ်။ အဲဒီအပေါ်တွေမှာလည်း ကောက်မှာလားဆိုတာ ရှင်းရှင်းလင်းလင်းသိရဖို့ပါ။




**ဘာတွေ တင်ပြဆွေးနွေးခဲ့ပါသလဲဆိုတာ သိပါရစေ။**

ပြည်တွင်းအခွန်နဲ့ အစည်းအဝေးလုပ်တဲ့အချိန်မှာ ဘာတွေတွေ့ရလဲဆိုတော့ ပြည်တွင်းအခွန်ဘက်က တင်ပြလာတာက သူတို့ ၂၀၁၂ ခုနှစ်မှာ အခွန်အကောက်ဥပဒေမှာပါတဲ့ အချက်ထက်ပြည်ပကိုထွက်အလုပ်လုပ်ကိုင်တဲ့ အလုပ်သမားတွေအတွက် အခွန်ဆောင်တာကို ကင်းလွတ်ခွင့်ပေးမယ်ဆိုတဲ့ စာပိုဒ်ကို ပြင်မယ်လို့ပြောပါတယ်။ ပြင်ပြီးတော့ ပြဋ္ဌာန်းလိုက်တဲ့အတွက် သင်္ဘောသားကလည်း အခွန်ဆောင်ရမယ်။ အဲဒီဟာက အခုအရင် ကင်းလွတ်ခွင့်ပေးထားတဲ့အချက်ကို ဥပဒေထဲ ပြန်ထည့်လိုက်တဲ့အခါကျတော့ အခွန်ဆောင်ရမယ်ဆိုတဲ့ဟာ ပြန်ဖြစ်သွားတယ်။ အခွန်ဆောင်ရမယ့်ရက်က အောက်တိုဘာ ပထမပတ်ကစတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ ဘဏ္ဍာနှစ်က ဧပြီကနေ မတ်လထိ နှစ်စဉ်ဆို တော့ ခြောက်လဘဏ္ဍာနှစ်အတွက်ကို အခွန်ကောက်ရမယ့်သဘောဖြစ်သွားတယ်။ အဲဒီတော့ ခြောက်လစာအခွန်ဆောင်ရမယ်ဆိုတဲ့အတွေး ဝင်သွားတယ်။ အခွန်ကောက်တဲ့နေရာမှာ ပြည်တွင်းအခွန်ကို သွားတွေ့တင်ပြဆွေးနွေးတဲ့အခါမှာ ခြောက်လအခွန်ကောက်မယ်။ အောက်တိုဘာ ပထမပတ်ကနေ နောက်နှစ် မတ်လ ၃၀ ရက်အထိ ကောက်မယ်။ ကောက်မယ်ဆိုတဲ့ အခါကျတော့ သင်္ဘောသားတစ်ယောက်က အောက်တိုဘာ ပထမအပတ် မတိုင်ခင်မှာ သင်္ဘောလိုက်တယ်။ ဇွန်လဆန်းလောက်က စလိုက်တယ်ဆို စက်တင်ဘာထိ လေးလပြီးသွားတဲ့အခါကျတော့ အခွန်ဆောင်ရမယ့်ဟာက အောက်တိုဘာ ပထမပတ်လို့ပြောတဲ့အတွက်

## တိုပွ

ရှစ်လလိုက်မယ်ဆို ဇန်နဝါရီထိဆိုတော့ လေးလကိုပဲ ဆောင်ရမယ့်သဘောရှိတယ်။ ဘာလို့လဲဆိုတော့ အောက်တိုဘာ ပထမပတ် မတိုင်ခင်က အခွန်ကင်းလွတ်ခွင့်ပေးထားတာ။ အဲတော့ မေးမြန်းတဲ့အခါကျတော့ သူတို့ဘက်က ဘာပြောလဲဆိုတော့ အခွန်ဆောင်မယ့်သူတွေ ပတ်စ်ပို့လျှောက်တဲ့အချိန်မှာ အခွန်ကောက်ပါလို့ ညွှန်ကြားချက် ထုတ်လိုက်တဲ့အတွက် ပတ်စ်ပို့လျှောက်တဲ့သူတိုင်းကို အခွန်ဆောင်ပြီး စာရွက်ယူလာရမယ်လို့ ကြေညာလိုက်တဲ့အတွက် အခွန်ကမဆောင်ရသေးဘဲနဲ့ ပတ်စ်ပို့သွားလျှောက်သလိုဖြစ်သွားတယ်။ အဲတော့ အရင်လိုက်လာတဲ့ လစာကို ပြန်ကြည့်ပြီးတော့ ပြန်ပြီးတော့ အခွန်ကောက်လိုက်မယ်လို့ပြောတယ်။ အဲတော့ အရင်လိုက်လာတဲ့ဟာကို ကောက်တာတော့ဟုတ်ပြီ။ ဒါပေမယ့် ဥပဒေက အောက်တိုဘာမှစပြီး အကျိုးသက်ရောက်တော့ အဲမတိုင်ခင်ကဟာကို ဘာလို့ကောက်ရမလဲဆိုတော့ အရင်လုပ်ထားတဲ့ လစာကို ကြိုပြီးဆောင်ထားပေးလို့ရှိရင် နောက်ပိုင်းမှာ အခွန်ဆောင်တဲ့အခါကျရင် အခုမှ ဆောင်ထားတဲ့အပေါ်မှာ ခုနှိမ်ပြီးတော့ ဆောင်ခွင့်ရှိတယ်လို့ ပြောပါတယ်။နည်းနည်းလေးခက်ခဲသွားတာက ပတ်စ်ပို့လျှောက်တဲ့သူတွေ အနေနဲ့ အခွန်ဆောင်ရမယ့်ကိစ္စပေါ့။ အခွန်ဆောင်ရတယ်ဆိုတဲ့နေရာမှာလည်း လက်ရှိအလုပ်လုပ်နေတဲ့သူတွေပဲ ဆောင်ရမှာမဟုတ်ဘဲနဲ့ အရင်လိုက်ထားတဲ့အပေါ်မှာ တွက်ပြီးတော့ ဆောင်ခိုင်းတဲ့သဘောဖြစ်တာပေါ့။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အောက်တိုဘာလ ပထမပတ်ကစပြီးတော့ အခွန်ကောက်မယ်လို့ပြောတယ်။သို့သော် အဲဒီမတိုင်မီမှာ အလုပ်လုပ်ခဲ့တဲ့ဟာက အခွန်ဆောင်ရမှာလားဆိုတာက မေးခွန်းတစ်ခုပါ။ နောက်တစ်ခုက သင်္ဘောသားက နိုင်ငံကူးလက်မှတ်က သက်တမ်းရှိမှ အလုပ်လျှောက်လို့ရတယ်။ သက်တမ်းမရှိဘဲနဲ့ အလုပ်လျှောက်လို့ မရဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ သင်္ဘောသားတွေဘက်က ခက်ခဲမှုတွေရှိလာတယ်ဆို သက်ဆိုင်ရာဌာနတွေဆီ အဆိုပြုလွှာတင်ပြပေးမှာပါ။ သင်္ဘောသားတွေဘက်က ဘာတွေအခက်အခဲရှိနိုင်မလဲ။ ဒါတွေကိုလည်း ဆက်လက်တင်ပြပေးသွားဖို့ ရှိပါတယ်။

## မကွေး ဒေသထွက်ကုန် ငှက်ပျောကြော်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ငှက်ပျောသီးကို တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအနေဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ငှက်ပျောကြော်လုပ်ငန်း ထုတ်လုပ်မှုအဆင့်ဆင့်အား လေ့လာရာတွင် ကုန်ကြမ်းငှက်ပျောသီးကို ပွင့်ဖြူမြို့နယ်အတွင်း ငှက်ပျောခြံများမှ သဘာဝအတိုင်း ရင့်မှည့်ခါနီးသည့် ဖီးကြမ်းငှက်ပျောသီးစိမ်းများကို ဝယ်ယူအသုံးပြုကြောင်း၊ ဝယ်ယူပြီး ငှက်ပျောသီးကို တစ်ညအိပ်ထားကာ နောက်တစ်ရက်နံနက်တွင် အခွံနွှာ၍ထုံးရည်ကြည်တွင် သုံးနာရီခန့် စိမ်ထားရကြောင်း၊ ထို့နောက် ရေသန့်ဆေး၍ ဆန်ဆေးရေနှင့် စိမ်ထားခြင်း အား ဖြင့် အဖန်ဓာတ်အား ထိန်းညှိစေပါကြောင်း၊ ငှက်ပျောသီးအား ဓားဖြင့်ပါးပါးလှီး၍ သကြားနှင့်ဆားဖျော်ထားသည့် ရေထဲသို့ထပ်၍ စိမ်ထားရကြောင်း၊ ကုန်ချောဖြစ်လာစေရန် ဆီဖြင့်ကြော်၍ သင့်တင်သော အရောင်ရလာလျှင် ဆယ်ယူ၍ အအေးခံကာရရှိလာသော ငှက်ပျောကြော်များအား သုံးကျပ်သား၊ ငါးကျပ်သားချိန်တွယ်၍ အိတ်များဖြင့်ထုပ်ပိုးရကြောင်းနှင့် လုပ်သားဦးရေ ငါးဦးဖြင့် လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

ဈေးကွက်၊ ဈေးနှုန်းအနေဖြင့် ငှက်ပျောကြော သုံးကျပ်သားတစ်ထုပ်လျှင် ကျပ် ၅၀၀ နှင့် ငါးကျပ်သား တစ်ထုပ်လျှင် ကျပ် ၉၀၀ ဖြင့် မင်းဘူး၊ ပွင့်ဖြူစလင်း၊ မကွေးမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချကာ ရန်ကုန်၊ နေပြည်တော်များမှလည်း မှာယူလျှင် ရောင်းချရကြောင်း သိရသည်။ **တင့်တင့်ထွန်း**



# သန့်ရှင်း ကျန်းမာ ဘေးရန်ကင်းကွာ အစားအစာ

ဒေါက်တာလှဲ့လှဲ့မိုး(စားသုံးသူရေးရာဦးစီးဌာန)

ကမ္ဘာ့နိုင်ငံတိုင်းတွင် အချဉ်ဖောက်ထားသော အစားအစာများနှင့် အဖျော်ယမကာများသည် လူ့အသိုက်အဝန်းတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အချဉ်ဖောက်ထားသော အစားအစာများသည် ရာစုနှစ်များစွာကတည်းကပင် မြန်မာ့ဟင်းလျာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး ယခုအချိန်တွင်လည်း စားသုံးမှုများသော အစားအစာဖြစ်သည်။ အမျိုးအစားအနေဖြင့် အချဉ်ဖောက်ထားသော အစားအစာများတွင် ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်း၊ အသားနှင့် ငါးတို့ပါဝင်ပြီး အချဉ်ဖောက်ထားသော အဖျော်ယမကာများတွင် အယ်လ်ကိုဟော ပါဝင်သော အဖျော်ယမကာနှင့် အယ်လ်ကိုဟော မပါဝင်သော အဖျော်ယမကာဟူ၍ ထပ်မံခွဲခြားနိုင်သည်။

အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာအမျိုးမျိုးကို ပင်လယ်ရပ်ခြား ကုန်သွယ်မှုများမှတစ်ဆင့်လည်းကောင်း ခေတ်ရေစီးကြောင်းအရ အစားအစာယဉ်ကျေးမှု ဖလှယ်ခြင်းဖြင့်လည်းကောင်း ကမ္ဘာ့ဈေးကွက် အတော်များများတွင် ရရှိနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းထုတ် အချဉ်ဖောက်ထားသော အစားအစာများကို ဈေးကွက်တွင် ရရှိနိုင်သကဲ့သို့ ပြည်ပမှတင်သွင်းသော ထုတ်ကုန်အရည်အသွေး ဦးစားပေးသည့် အရသာအမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုးရှိသည့် အချဉ်ဖောက်ထားသော အစားအစာများကို စူပါမားကတ်၊ ကုန်တိုက်များတွင် ရရှိနိုင်သည်။ ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံများအနက် တရုတ်၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အချဉ်ဖောက်ထားသော အစားအစာနှင့် အဖျော်ယမကာထိပ်တန်း တင်ပို့သောနိုင်ငံများဖြစ်ကြောင်း တွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သည့် အချဉ်ဖောက်ထားသော အစားအစာများကို ကမ္ဘာ့အဆင့်မီ စီးပွားဖြစ် ထုတ်လုပ်တင်ပို့မှုမှာ ကိန်းဂဏန်းအချက်အလက်များအရ တွင်ကျယ်မှု မရှိသေးပါ။

ကစော်ဖောက်ခြင်း (သို့မဟုတ်) အချဉ်ဖောက်ခြင်း (Fermentation)တွင် ပရိုဘိုင်အိုတစ်များ၊အကျိုးပြုဘက်တီးရီးယားများ ဥပမာအားဖြင့် လက်တိုဘက်စလက်စ်(Lactobacillus)သည် အချဉ်ဖောက်မည့် အစားအစာရှိ ကစီဓာတ်နှင့် သကြားဓာတ်များကို စားသုံးပြီး အယ်လ်ကိုဟော (Alcohol)နှင့် လက်တစ်အက်စစ်ဓာတ် (Lactic Acid)အဖြစ် ပြောင်းလဲပေးခြင်းဖြင့် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေသည်။၎င်းလက်တစ်အက်စစ်သည် သဘာဝအတိုင်း တာရှည်ခံပစ္စည်းအဖြစ် အချဉ်ဖောက်ထားသော အစားအစာများကို တာရှည်အထားခံစေသည်။ အချဉ်ဖောက်ခြင်းသည် အစားအစာများကို အလေအလွင့် မရှိစေဘဲ ပိုလျှံအစားအစာ စွန့်ပစ်မှုအပြင် အစားအစာလေလွင့် ဆုံးရှုံးမှုလျှော့ချရန်နှင့် ကြာရှည်အထားခံစေသော နည်းလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် နှစ်ကာလအတန်ကြာကပင် ဟင်းသီးဟင်းရွက်နှင့် အသားငါးများအား စဉ့်အိုးကြီးများတွင် ထည့်သွင်းကာ ဝမ်းစာအဖြစ် နှစ်ပတ်လည်ထား စားသုံးခဲ့ကြသည်။

အချဉ်ဖောက်ထားသော အစားအစာများသည် လူတို့၏အစာခြေစနစ်နှင့် အူလမ်းကြောင်း ကျန်းမာစေရန် ကူညီပေးသည့် အကျိုးပြု ဘက်တီးရီးယားများဖြစ်သည့် ပရိုဘိုင်ရောတစ်(probiotic) ကြွယ်ဝသည်။ အစာခြေစနစ်ကောင်းမွန်စေ၍ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်လျှော့ချရန် ကူညီပေးနိုင်ကြောင်း သုတေသနပြု လေ့လာမှုများအရ သိရှိရသည်။ သို့ရာတွင် အချဉ်ဖောက်စဉ်တွင် သန့်ရှင်းမှုအားနည်းပါက အစားအစာညစ်ညမ်းမှု (Food Contamination)ဖြစ်နိုင်ပြီး စားသုံးသူအား အဆိပ်အတောက်ဖြစ်စေ၍ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်သည်အထိ ဖြစ်နိုင်သည်။

အချဉ်ဖောက်ထားသော အစားအစာများသည် ယေဘုယျအားဖြင့် လူတို့စားသုံးရန် သင့်လျော်သော်လည်း အဆိပ်နှင့်ဆက်စပ်သော ကျန်းမာရေးအန္တရာယ်များ လုံးဝ ကင်းရှင်းခြင်းမရှိပါ။ အစားအစာညစ်ညမ်းမှုကြောင့် ဖြစ်သောရောဂါ (Food-borneillness) ဖြစ်ပွားစေသော ဘက်တီးရီးယားများဖြစ်သည့် Enterococcus, E.coli, Salmonella, Staphylococcus and

Listeria strains အစရှိသည့် ဘက်တီးရီးယားများကြောင့် အချဉ် ဖောက်ထားသော အစားအစာများတွင် အဆိပ်အတောက်အန္တရာယ်ဖြစ်စေသည်။ ဘက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးပိုးများသည် အစားအသောက်မှတစ်ဆင့် ဇီဝဆိုင်ရာ အန္တရာယ်များ(Bioligical Hazards)ဖြစ်စေသည်။ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရူပဆိုင်ရာ အန္တရာယ်များ(Physical Hazards)၊ ဓာတုဆိုင်ရာ အန္တရာယ်များ (Chemical Hazards) နှင့် ဓာတ်မတည့်မှုဆိုင်ရာအန္တရာယ်များ (Allergenic Hazards)ကို အစားအစာ ထုတ်လုပ် ဖြန့်ဖြူးရောင်းချစဉ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး နည်းပညာ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်။ စားသောက်ကုန်များသည် လူတို့အတွက်နေ့စဉ် မရှိမဖြစ် လိုအပ်ချက်ဖြစ်ရာ စားသုံးသည့် အစားအသောက်များတွင် အာဟာရများ(Nutrients)ပါဝင်၍ အဆိပ်အတောက်ကင်းရှင်းမှသာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ သို့ပါ၍ အစားအစာ ထုတ်လုပ်သူ များမှ ကျန်းမာရေးနှင့်ညီညွတ်သောထုတ်ကုန်များ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရှင်များမှ ထောက်ခံအကြံပြုထားသော ကျင့်စဉ်ကောင်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဆိုပါက ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချရသော စားသောက်ကုန်များ ရရှိနိုင်မည်ဖြစ်ပါသည်။

အစားအစာ အရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေး (Food Quality and Safety)ဟု ကြွေးကြော်နေသော မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများတွင် အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့်ဟင်းသီးဟင်းရွက် သစ်သီးဝလံများစသည့် အစားအစာအမျိုးမျိုးကို အချဉ်တည်ခြင်း(သို့မဟုတ်) အချဉ်ဖောက်ခြင်းတို့တွင် ရိုးရာဓလေ့နည်းသာမက နည်းပညာလိုအပ်ချက်နှင့်အညီ ခေတ်မီ ထုပ်ပိုးမှုမျိုးစုံဖြင့် ပေါင်းစပ်ပြုပြင်၍ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ထုတ်ကုန်ဘေးကင်းလုံခြုံရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စားသောက်ကုန်တွင် လိုက်နာရမည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်လာကြသည်။ ယင်းတို့ကို ပြည်ပမှတင်သွင်းသည့် ထုတ်ကုန်များတွင် ဖော်ပြပါရှိသော ကုန်အညွှန်းအမှတ်တံဆိပ် (Labelling)နှင့် အရည်အသွေးဆိုင်ရာ ထောက်ခံချက် (Quality Assurance) အမှတ်တံဆိပ်များကို ထုပ်ပိုးမှုများတွင် တွေ့မြင်ရမည်ဖြစ်သည်။

ပြည်တွင်းထုတ်ကုန် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်နိုင်ငံ၏ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အငယ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အရေးပါသည့်အတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအဖြစ် ကုန်ကြမ်းမှသည် ကုန်ချောဆီသို့ တန်ဖိုးမြှင့်ထုတ်ကုန်အထိ ထုတ်လုပ်၍ ဈေးကွက်အရောက်တင်ပို့ ထုတ်လုပ်နိုင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏မြို့တိုင်း၊ ဒေသတိုင်းတွင် ဒေသအလိုက် ရိုးရာယဉ်ကျေးမှုများရှိသည်။ စားသောက်ဖွယ်ရာ အသီးသီးသည် ဒေသ၏ ရိုးရာယဉ်ကျေးမှုကိုသာမက ယင်းဒေသ၏သမိုင်းကိုပါ ထင်ဟပ်စေသည့် သာဓကများစွာရှိသည်။ ဥပမာအားဖြင့် ပျဉ်းမနား မျှစ်ချဉ်၊ ပုဂံပုန်းရည်ကြီး၊ ပဲခူးငါးချဉ်စသည်ဖြင့် အထင်ကရ ရှိကြသည်။

ထို့ကြောင့် ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများမှ အသားများ၊ ရေထွက်ကုန်ပစ္စည်းများ၊ နို့ထွက်ပစ္စည်းများ၊ ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများစသည့် အစားအစာအမျိုးမျိုးအား အချဉ်တည်ခြင်း(သို့မဟုတ်)အချဉ်ဖောက်ခြင်း နည်းများဖြင့် ရရှိလာသည့် အသားချဉ်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ၊ မျှစ်ချဉ်၊ မုန်ညင်းချဉ်၊ အသီးဆားရည်စိမ်များ၊ ပဲပိစပ်များ၊ နှမ်းဖတ်ချဉ်၊ မြေပဲ ချဉ်ဖတ်၊ ပုန်းရည်ကြီး၊ လက်ဖက်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်၊ ဘီယာနှင့် အဖျော်ယမကာများ အစရှိသည့် အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာများကို ထုတ်လုပ်လျက်ရှိသည်။ ယင်းတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေး၍ အာမခံချက်ရှိသော အစားအစာ ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် အရည်အသွေးပြည့်ဝရေး (Food Safety and Quality) ကို အလေးထား ထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုပုံစံသည်လည်း သန့်ရှင်းသေသပ်လှပ၍ စားချင်စဖွယ်ဆွဲဆောင်မှုရှိရန် လိုအပ်သည်။ သို့မှသာ ထုတ်ကုန်အမျိုးအစားတူညီမှုရှိပါက ယုံကြည် စိတ်ချရသည့်ထုတ်ကုန်သည် ဈေးကွက်ဝင်၍ မျက်နှာပန်းလှမည်ဖြစ်ပြီး ယှဉ်ပြိုင်အနိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ယခုအခါ နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ ပြည်တွင်းထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရန် ကြိုးစားနေခြင်းဖြစ်ရာ ပထဝီဝင် တည်နေရာအရ တရုတ်နှင့်အိန္ဒိယ စသည့်နိုင်ငံကြီးများနှင့် အလွန်နီးစပ်သောကြောင့် ကြီးမားသော စားသုံးသူဈေးကွက်သို့ ထုတ်ကုန်များကို တင်ပို့နိုင်သည့် အခွင့်အလမ်းများစွာရှိနေခြင်းကြောင့် ဈေးကွက်လိုအပ်ချက်များအပြင် စားသုံးသူများ၏မျှော်လင့်ချက်များနှင့် ကိုက်ညီသည့် အချဉ်ဖောက်ထားသော အစားအသောက်ထုတ်ကုန်များ ထုတ်လုပ်လာစေရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။

## ဒေသထွက် ရာသီပေါ် တည်သီးဈေးကွက်

တည်သီးသည် မိုးရာသီအကုန် ဆောင်းဦးကာလဖြစ်သည့် အောက်တိုဘာလတွင် စတင်ထွက်ရှိ၍ နိုဝင်ဘာလတွင် လှိုင်လှိုင်ပေါ်ထွက်ပြီး ဒီဇင်ဘာလအထိ ခူးဆွတ်နိုင်သည့် ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သည်။

သမိုင်းအထောက်အထားများအရ တည်ပင်မြစ်ဖျားခံရာဇာစ်မြစ်မှာ တရုတ်ပြည်ဟု သိရပါသည်။တည်ပင်များသည် ရှင်သန်ပေါက်ရောက်ရာ ရေ၊ မြေ၊ သဘာဝကိုလိုက်၍ ပုံသဏ္ဌာန် အနည်းငယ် ကွဲလွဲမှုရှိပါသည်။ တည်ပင်၏ပုံသဏ္ဌာန်မှာ ဘေးဘက်သို့ပြန့်ကားပြီး အပင်မြင့်အမျိုးအစားဖြစ်ပြီး အသီး၏ပုံသဏ္ဌာန်မှာလည်း လုံးဝန်းပြီး တစ်ခါတစ်ရံ ဘဲဥပုံစံကဲ့သို့ တွေ့ရတတ်ပါသည်။ တည်သီးရင့်မှည့်လာလျှင် အနီရောင်ဘက် သန်းလာပြီးအသားထူ၍ နူးညံ့ချိုမွှေးပါသည်။ မရင့်မှည့်သေးလျှင်ဖန် သောအရသာရှိပြီး တချို့က ထုံးရည်ကြည်စိမ်ကာ အကြွပ်သီးအဖြစ်လည်း စားသုံးလေ့ရှိသည်။ ရင့်မှည့်သောတည်သီးများကို အလုံးလိုက်ရောင်းချသလို နေလှမ်းအခြောက်ခံ၍ တည်သီးခြောက် အနေဖြင့်ရောင်းချကြသည်။ တည်ပင်များကို ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ အေး၍တောတောင်ထူထပ်သော စိန်လုံတောင်တန်းဒေသကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး ဗန်းမော်ဒေသ၊ ဝိုင်းမော်ဆဒုံးဒေသများတွင်လည်း အနည်းငယ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။

မိုးမောက်မြို့နယ်၊ စိန်လုံတောင်တန်းဒေသကျေးရွာများမှ ထွက်ရှိသော တည်သီးသည် စားသုံးသူများ ကြိုက်နှစ်သက်၍ သီးနှံကုန်သည်များ လာရောက်ဝယ်ယူပြီး မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့များသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြပါသည်။ တည်သီးဈေးကွက် အခြေအနေမှာ စိန်လုံတောင်တန်းဒေသ ကျေးရွာများတွင် အကြီးတစ်လုံးလျှင် ကျပ် ၂၀၀၊ အသေး တစ်လုံးလျှင် ကျပ် ၁၅၀၊ တည်သီးခြောက်(၃၀လုံးမှ ၃၅လုံးပါ)တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ဗန်းမော်ဈေးကွက်တွင် အကြီးတစ်လုံးလျှင် ၃၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ကျပ် ၂၅၀၊ တည်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀၊ မြစ်ကြီးနားဈေးကွက်တွင် အကြီးတစ်လုံးလျှင် ကျပ် ၄၀၀၊ အသေးတစ်လုံးလျှင် ကျပ် ၃၅၀၊ တည်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ရဲရင့်ဖြိုး(ဗန်းမော်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးမှသည် စီးပွားရေးဖွံ့ဖြိုးမှုဆီသို့

ငြိမ်းဝေနှင်း(ရန်ကုန်စားသုံး)

စီးပွားရေးသည် လူ့အဖွဲ့အစည်း၏ အခြေခံပင်ဖြစ်သည်။ စီးပွားရေးတည်ငြိမ်သည့်အခါ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်သည်။ “စံပြစီးပွားရေးဆိုတာ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပေါင်းစပ်မှုဖြစ်ပြီး ကူးသန်းရောင်းဝယ်ရန် အကောင်းဆုံး ကုန်ပစ္စည်းမှာ ရိုးသားမှုနှင့် မေတ္တာတရားပါပဲ”ဟု ဂျပန်ပညာရှိ မိုရီပေး အူအီရှိဘား(၁၈၈၃-၁၉၆၉)က ဆိုခဲ့သည်ကို သိရှိမှတ်သားဖူးသည်။ ကမ္ဘာပေါ်မှနိုင်ငံများ ဈေးကွက်စီးပွားရေးစနစ်ကို ပို၍ ကျင့်သုံးလာကြပြီးနောက် ကုန်ပစ္စည်းဝယ်လိုအား မြင့်မားလာသည်။ ဝယ်လိုအားမြင့်မားလာမှုက ရောင်းလိုအားကိုတိုး၍ တောင်းဆိုလာသည်။ လူများအား ကုန်ပစ္စည်းများ ပိုမိုထွက်ရှိအောင် တိုး၍လှုံ့ဆော်လာသည်။ အချို့သော ကုန်ပစ္စည်းများ ကိုတိုး၍ ထုတ်လုပ်နိုင်ရန် နှစ်အတန်ကြာအချိန်ယူရသည်။ ရေတိုကာလတွင် ရောင်းလိုအားသည် တိုး၍လာသော ဝယ်လိုအားကို လိုက်မမီနိုင်ဖြစ်ရသည်။ ထိုအခါ ကြိုတင်ခန့်မှန်း၍မရသော ဝယ်လို အား မြင့်တက်လာမှုက ရောင်းလိုအားကို ကျဆင်းသွားစေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားဦးစားပေး လုပ်ကိုင်နေသောနိုင်ငံဖြစ်သည်။ ထိုလုပ်ငန်းကို တိုးတက်သည်ထက်တိုးတက်အောင် လုပ်ဆောင်ကြပြီး စိုက်ပျိုးရေးမှ ထွက်ရှိသော ကုန်ပစ္စည်းများကို လူသားတို့ နေ့စဉ်စားသုံးနေကြရသည်ဖြစ်ရာ လူသားတို့အတွက် မရှိမဖြစ်၊ မသုံးမဖြစ်သောပစ္စည်းများကို မြန်မာနိုင်ငံက အဓိကထား ထုတ်လုပ်နေခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို အအောင်မြင်ဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဆိုလျှင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကို အလုံအလောက်ရှိထားပြီးဖြစ်သော မြေအားလုံးတွင် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရာတွင် ရေလိုအပ်ပါက ရေလုံလောက်စွာရရှိရေး စီမံဖန်တီးခြင်းများ ပြုလုပ်ကာ စိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်လာကြပြီး အလုပ်အကိုင်အခွင့်အလမ်းလည်း များစွာပေါ်ထွက်လာသည်။လူငယ်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းသည် လူငယ်တို့၏ဘဝတိုးတက်ရေးကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ထိုအခွင့်အလမ်းများရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များက အင်တိုက်အားတိုက် တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ပြည်ပပို့ကုန်များပြားစွာ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေများရရှိလာပြီး နိုင်ငံတည်ဆောက်ရေး၊ တိုးတက်ရေးလုပ်ငန်းများကို အကျိုးပြုမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို မိမိတာဝန်ယူ လုပ်ဆောင်နေရသော မည်သည့်လုပ်ငန်းတာဝန်ကိုမဆို စေတနာ၊ မေတ္တာထားရှိကာ လုပ်ဆောင်မည်ဆိုလျှင် လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် တိုးတက်မြင့်မားစေရန် တီထွင်ကြံဆနည်းလမ်းရဆိုသကဲ့သို့ ပညာရှင်များအပိုင်းကလည်း သုတေသနနည်းလမ်းသစ်များကို ဖော်ထုတ်နေကြသည်။ ထိုသုတေသနနည်းလမ်းအတိုင်း လက်တွေ့လုပ်ငန်းခွင်တွင် ဖြစ်ထွန်းနိုင်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မြေပေါ်များသလို ရေလည်းပေါ်များသည့်နိုင်ငံဖြစ်ပေရာ နည်းပညာအဆင့်အတန်း မြင့်မားအောင် လုပ်ဆောင်ပြီး ထိုလုပ်ဆောင်ချက်ကို အောင်မြင်အောင် တက်ညီလက်ညီ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သို့မှသာ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို မိမိတာဝန်ယူ လုပ်ဆောင်နေရသော မည်သည့်လုပ်ငန်းတာဝန်ကိုမဆို စေတနာ၊ မေတ္တာထားရှိကာ လုပ်ဆောင်မည်ဆိုလျှင် လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။**

အခြားတစ်ဖက်တွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာများ အကူအညီကြောင့် ပိုမိုတိကျသည့် စိုက်ပျိုးထုတ်လုပ်မှု (precise farming)ဘက်ကို ဦးတည်လာနေသည်။ ဥပမာအားဖြင့် နည်းပညာအကူအညီကြောင့် ရာသီဥတုအပြောင်းအလဲကို ကြိုတင်ခန့်မှန်းနိုင်ပြီး သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ ပိုးမွှားနှင့်ရောဂါတွေအတွက်လည်း ကြိုတင်တွက်ဆမှုများလုပ်နိုင်ခြင်းတို့ကို လုပ်ဆောင်လာနိုင်ခြင်းတို့ဖြစ်သည်။ ထို့ပြင် ရေထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများတွင် အအေးခန်းစက်ရုံများ၊ ရေထွက်ပစ္စည်းကုန်ကြမ်းရရှိမှု ပိုမိုတိုးမြင့်လာထုတ်လုပ်လာနိုင်မှုများ၊ စက်ရုံများ၏ အရည်အသွေး ထိန်းချုပ်နိုင်မှုများ၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများအနေဖြင့် မွေးမြူရေး ကန်များနှင့်ပတ်သက်သည့် ပုစွန်ကန်၊ ငါးကန်များ၌ ဖြစ်ပေါ်သော အစာဈေးနှုန်းကြီးမြင့်မှုများ၊ အတိုးနှုန်းသက်သာသော ချေးငွေများ၊ ပင်လယ်ငါးသယံဇာတများကို ထိန်းသိမ်း၍ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အင်းအိုင် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ အစရှိသော ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ပြည်တွင်း/ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ဈေးကွက်အလားအလာကောင်းရရှိနိုင်သော စိုက်ပျိုးရေး၊မွေးမြူရေးမှသည် စီးပွားရေးဖွံ့ဖြိုးမှုဆီသို့ ရောက်ရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များက ဦးတည်လုပ်ဆောင်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ရာသီဥတုနှင့် စိုက်ပျိုးရေအရင်းအမြစ်၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ ပံ့ပိုးမှုများ ရရှိရေးအတွက် တောင့်တင်းခိုင်မာအောင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်မှုမှ စီးပွားရေးဖွံ့ဖြိုးမှုအရှေ့ကို ပုံဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

Reference - အစိမ်းရောင်လမ်း

## မအူပင်မှ ဈေးကွက်ရရှိနေသည့် ရွှေပဲကြော်

ရွှေပဲကြော်လုပ်ငန်းသည် မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာတွင် တည်ရှိပြီး ရွှေပဲကြော်လုပ်ငန်းပိုင်ရှင်နှင့် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင် ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ပထမပတ်တွင် ရွှေပဲကြော်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဈေးကွက်ရရှိပြီးသည်ထက် ပိုမို ဈေးကွက်ရရှိရေးနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလိုင်စဉ်များ ပြည့်စုံစွာ ဆောင်ရွက်ထားရှိနိုင်ရေးတို့ကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ရွှေပဲကြော်ကို ကောက်ညှင်းနှင့်ဆန်ကို အချိုးညီမျှတစွာ ကြိတ်ခွဲရောစပ်ပြီး ပဲ၊ ဆီ၊ ဆားတို့နှင့် ပေါင်းစပ်ပြီး၊ ဒယ်အိုးထဲရှိ ဆီနှင့် ကြော်ပြီး ပလတ်စတစ်အိတ်များနှင့် သပ်သပ်ရပ်ရပ်လုံခြုံစွာ ထုပ်ပိုးထားပြီး စားချင်စရာ၊ အစားအစာတစ်ခုအဖြစ် ဈေးကွက်အတွင်း ဖြန့်ချိရောင်းချလျက်ရှိကြောင်း ရွှေပဲကြော်လုပ်ငန်းပိုင်ရှင်က ရှင်းပြသည်။ ရွှေပဲကြော်သည် ၂၀၀ကျပ်တန် ၁၂ ခုကို ကျပ် ၂၀၀၀ဖြင့်လည်းကောင်း၊ ၁၀၀ကျပ် တန် ၁၀ခုလျှင် ကျပ် ၉၀၀ ဖြင့်လည်းကောင်း ဈေးကွက်အတွင်း အရောင်းအဝယ် တွင်ကျယ်လျက်ရှိသည်။ ရွှေပဲကြော်သည် စတင်ထုတ်လုပ်သည်မှ တစ်လအတွင်း အသင့်စားသုံးနိုင်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ် တွင်ကျယ်သဖြင့် စားသုံးသူများအနေဖြင့် စားသုံးရယူမှုလွယ်ကူခြင်း အရသာ ကောင်းမွန်မှုရှိခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်းရှိခြင်း အခြေခံလူတန်းစားအားလုံး ဝယ်ယူသုံးစွဲနိုင်ခြင်း စသည့်ဈေးကွက်အလားအလာကောင်းများရှိနေသဖြင့် လေးအိမ်စုကျေးရွာမှ တစ်ပိုင်တစ်နိုင် ထုတ်လုပ်သော ရွှေပဲကြော်ဈေးကွက်သည် ပိုမိုတိုးချဲ့မှာယူခြင်းများ ရှိလာသည်။ ရွှေပဲကြော်ဈေးကွက်တည်ငြိမ်မှု၊ အရသာ ကောင်းမွန်မှု၊ သန့်ရှင်းလတ်ဆတ်မှုများကို ပိုမိုကြိုးစားဆောင်ရွက်ပါကစားသုံးသူများအဆင်ပြေ ကောင်းမွန်စွာ စားသုံးနိုင်သည့် စားစရာတစ်ခုဖြစ်သည်။

Consumer(MT)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-**

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



# ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်ငန်းတွင် လုပ်ခလစာ အငြင်းပွားမှု ဖြစ်ပေါ်နေ

**ဒေါက်တာရွှေစင်ကို**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထည်ချုပ်လုပ်ငန်းတွင် ကာလကြာရှည်လုပ်ခလစာ အငြင်းပွားမှုဖြစ်ပေါ်နေသောကြောင့် နိုင်ငံ၏ အရေးကြီးသော စီးပွားရေးမောင်းနှင်ပေးသည့်ကဏ္ဍကို ပျက်ယွင်းစေလျက်ရှိသည့်အနေအထား၌ မကြာသေးမီ ရက်သတ္တပတ်များအတွင်း နိုင်ငံရေး မတည်ငြိမ်မှုများပါ ထပ်မံဖြစ်ပေါ်နေသည်။ အတိုက်အခံများက ဦးဆောင်သည့်ဆန္ဒပြပွဲများနှင့် ငွေကြေးဖောင်းပွမှုကြောင့် ထိခိုက်နေသော အလုပ်သမားများ၏ ဆန္ဒပြပွဲများကြားတွင် ဆက်နွယ်မှုရှိနေသည်ဟု အာဏာရအစိုးရက စွပ်စွဲထားသည်။

ကြီးမားသော ဆန္ဒပြမှုများနှင့်ရဲတပ်ဖွဲ့များအကြား ပြင်းထန်စွာ ရုန်းရင်းဆန်ခတ်ဖြစ်ပွားပြီးနောက် ပြီးခဲ့သော ရက်သတ္တပတ်အတွင်း အစိုးရက ချုပ်ပြီးအထည်များကို ချုပ်လုပ်သည့်အလုပ်သမားများအတွက် အနိမ့်ဆုံးလစာကို ၅၆ ရာခိုင်နှုန်းတိုးလျက် တာကာ ၁၂၅၀၀ သို့မဟုတ် ၁၁၃ ဒေါ်လာခန့်အထိ တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။ အလုပ်သမားများဘက်မှ တောင်းဆိုသည့် အနိမ့်ဆုံး လုပ်ခလစာနှုန်းထားမှာ တာကာ ၂၃၀၀၀ သို့မဟုတ် ၂၀၉ ဒေါ်လာဖြစ်သည်။

ပြီးခဲ့သော လအတွင်း မူဝါဒဆွေးနွေးပွဲစင်တာမှ ခန့်မှန်းသည့် အထည်ချုပ်လုပ်ငန်းမှ ရရှိသင့်သည့် အနည်းဆုံး လုပ်ခလစာမှာ တစ်လလျှင် ၁၇၅၆၈တာကာဖြစ်သည်။ ၎င်းခန့်မှန်းချက်မှာ ဘင်္ဂလားဒေ့ရှ်တွေးခေါ် ပညာရှင်အဖွဲ့ (Bangladeshi think tank)က စက်ရုံအများအပြားမှ အလုပ်သမားရာချီတို့၏အစားအသောက်နှင့် အခြားအသုံးစရိတ်ပုံစံများကို စစ်တမ်းကောက်ယူပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများက လစာတိုးပေးသည့်နှုန်းမှာ နည်းပါးနေပြီး စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် စံချိန်တင်ငွေကြေးဖောင်းပွလာခြင်းတို့ကို ရင်ဆိုင်ရန် မလုံလောက်ဟု ပြောကြားထားသည်။ ကဏ္ဍတွင်းရှိ လူဦးရေ လေးသန်းကို ကိုယ်စားပြုသည့် သမဂ္ဂအားလုံးနီးပါး၏ တောင်းဆိုမှုကို ပယ်ချခဲ့ခြင်းကြောင့် ဒါကာမြို့ ဆင်ခြေဖုံးရှိ အဓိကစက်မှုဇုန်နှစ်ခုဖြစ်သည့် Gazipur နှင့် Ashulia ရှိ လမ်းများကို ပိတ်ဆို့၍ သပိတ်မှောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံး လုပ်ခလစာနှင့် ဆက်နွယ်သော မငြိမ်မသက်မှုဟု ကျယ်ပြန့်စွာ ယူဆထားသည့် အဆိုပါဆန္ဒပြမှုများမှာ အဓိကနိုင်ငံရေး အတိုက်အခံ ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ(BNP)မှ တစ်နိုင်ငံလုံး ဆန္ဒပြမှုများနှင့် တိုက်ဆိုင်နေပါသည်။ BNP ပါတီက ဝန်ကြီးချုပ် Sheikh Hasina ချက်ချင်း နုတ်ထွက်၍ ဇန်နဝါရီလတွင် ကျင်းပမည့် နောက်ထပ်ရွေးကောက်ပွဲအား ကြားနေအိမ်စောင့်အစိုးရ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရန် တောင်းဆိုလျက်ရှိပါသည်။ Hasina က ထိုတောင်းဆိုချက်ကို ပြတ်ပြတ်သားသား ငြင်းဆိုခဲ့ကာ သပိတ်နှစ်ခုကို အတူတကွ ဖြစ်ပေါ်လာကြောင်း ပြသရန် ကြိုးပမ်းခဲ့သည်သာမက BNP ပါတီအပေါ် ဆန္ဒပြသည့် အထည်ချုပ်စက်ရုံ သပိတ်များကို ပြစ်တင်ပြီး ပြင်းထန်စွာ တုံ့ပြန်မှု ပြုလုပ်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ စက်ရုံများပျက်စီးသွားပါက စက်ရုံအလုပ်သမားများအနေဖြင့် ၎င်းတို့၏ရွာများသို့ပြန်ရကာ အလုပ်လက်မဲ့ဖြစ်မည်ဖြစ်ကြောင်းကိုလည်း သတိပေးထားသည်။ ချုပ်ပြီး အထည်ကဏ္ဍမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကဝင်ငွေရရှိသောကဏ္ဍဖြစ်ပါသည်။ ဒေါ်လာ ၅၅ ဘီလီယံရှိသည့် ဘင်္ဂလားဒေ့ရှ်၏နှစ်စဉ် ပို့ကုန်တင်ပို့မှုတွင် ၈၀ ရာခိုင်နှုန်းပါဝင်ပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် ၁၆ ရာခိုင်နှုန်းခန့်ပါဝင်ဖြည့်ဆည်းသည်။ နိုင်ငံခြားအရန်ငွေများ ကျဆင်းလာမှုအပေါ် စိုးရိမ်မှုများ ကြီးထွားလာချိန်တွင် ယခုကဲ့သို့ ဆန္ဒပြမှုများဖြစ်ပေါ်လာသဖြင့် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်လာရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုပ်ခလစာ အငြင်းပွားမှုများ၊ နိုင်ငံရေး ဆန္ဒပြမှုများနှင့် အတိုက်အခံများထဲမှ ထင်ရှားသူများကို ဖမ်းဆီးနေမှုများကြောင့် နိုင်ငံ၏စီးပွားရေးနှင့် ဒီမိုကရေစီ ကျင့်သုံးမှုတို့အပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

လုပ်သားများ နုတ်ထွက်မှုကြောင့် အနည်းဆုံးစက်ရုံပေါင်း ၁၃၀ ခန့် ပိတ်ပစ်ခဲ့ရသည်။ အချို့စက်ရုံများကလည်း အလုပ်သမားဥပဒေတွင် ပါဝင်သော"တရားမဝင် ဆန္ဒပြမှုများကြောင့်" စက်ရုံများကို ရပ်ဆိုင်းပိုင်ခွင့်ရှိသည်ကို ကိုးကားလျက် ရပ်ဆိုင်းထားကြသည်။ ဆန္ဒပြပွဲများအတွင်း လူလေးဦး သေဆုံးခဲ့ကာ အနည်းဆုံး အမည်မသိ လုပ်သားပေါင်း ၁၁၀၀၀ခန့်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အထည်ချုပ်နှင့် စက်မှုအလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌ Kalpona Akter က အလုပ်သမားများ၏ တောင်းဆိုချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အစိုးရက စက်ရုံပိုင်ရှင်များ၏ ကမ်းလှမ်းမှုအတိုင်း လစာတိုးပေးမှုကို လက်ခံအတည်ပြုလိုက်သည့်အတွက် စိတ်ပျက်မိကြောင်း၊ ဆန္ဒပြမှုမှာ မည်သည့် နိုင်ငံရေးပါတီနှင့်မျှ မဆက်နွယ်ကြောင်း၊ တာကာငွေ ပိုမိုအားနည်းလာခြင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းရှင်များက ဒေါ်လာဖြင့် ဝင်ငွေရသည့်အတွက် တိုးမြှင့်ပေးသည့်လစာကိုလည်း ဒေါ်လာအားဖြင့် သတ်မှတ်ရန် ထည့်သွင်းစဉ်းစားသင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ လုပ်ခလစာ ဘုတ်အဖွဲ့တွင်ပါဝင်သည့် စက်ရုံလုပ်ငန်းရှင်များကို ကိုယ်စားပြုသည့် ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပိုင်ရှင်များအသင်း (BGMEA) ၏ ဥက္ကဋ္ဌဟောင်း Siddiqur Rahman ကမူ တိုးမြှင့်ပေးသည့်လစာမှာ လုံလောက်သည်ထက် ပိုမိုကြောင်း၊ ထပ်မံတိုးမြှင့်ပေးရမည်ဆိုပါက ကဏ္ဍတစ်ရပ်လုံး မတည်မငြိမ်ဖြစ်မည်ဖြစ်ကြောင်း၊ ဒေါ်လာဖြင့် ဝင်ငွေရရှိသော်လည်း ကုန်ကြမ်းများအတွက် ကုန်ကျစရိတ်များကို ဒေါ်လာဖြင့် ပေးရခြင်း၊ လွန်ခဲ့သည့်နှစ်နှစ်အတွင်း အသုံးအဆောင်များ၏ ကုန်ကျစရိတ်များ တိုးလာခြင်းတို့ကြောင့် အမြတ်များစွာ မရရှိကြောင်း ခုခံပြောဆိုထားသည်။

BGMEA ၏ လက်ရှိ ဥက္ကဋ္ဌ Faruque Hassan က လက်ရှိဖြစ်ပေါ်နေသောဆန္ဒပြမှုများကြောင့် အဓိကနိုင်ငံခြားမှ မှာယူသူအချို့တွင် စိုးရိမ်မှုများ များစွာဖြစ်ပေါ်နေကြောင်း၊ အမှာစာများကို မှာယူခြင်းမပြုသေးဘဲ အခြေအနေကို စောင့်ကြည့်နေကြောင်း၊ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်ပါက မှာယူမှု ပြုကြတော့မည်မဟုတ်ကြောင်း သတိပေးထားသည်။

အမှတ်တံဆိပ်ပေါင်း ၁၀၀၀ ကျော်ကို ကိုယ်စားပြုသည့် အမေရိကန် အဝတ်အထည်နှင့် ဖိနပ်အသင်းမှ Stephen Lamar ပြောကြားချက်ကို ရိုက်တာသတင်းဌာနက ကိုးကားရေးသားချက်မှာ ဘင်္ဂလားဒေ့ရှ် အထည်အလိပ်ထုတ်လုပ်သူများ ရင်ဆိုင်နေရသော နောက်ထပ်လုပ်ခကုန်ကျစရိတ်များကို အမေရိကန်ဝယ်လက်များက ပေးရမည်ဖြစ်ကြောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၁၃ခုနှစ်က တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်ကတစ်ကြိမ် လုပ်ခလစာများကို တိုးမြှင့်ပေးခဲ့ရာ၌ လုပ်သားများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးခဲ့ကာ မတည်ငြိမ်မှုများလည်း ယခုလောက် မဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်က ၅၁ ရာခိုင်နှုန်းအထိပင် တိုးမြှင့်ပေးခဲ့ကြောင်း၊ ယခုအကြိမ်တွင်လည်း ၂၀၁၈ ခုနှစ်ကကဲ့သို့ ဖြစ်စေချင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

အထည်ချုပ်လုပ်ငန်းမှာ ဘင်္ဂလားဒေ့ရှ်ပြည်သူများ၏ အဓိကဝင်ငွေရရှိသည့်ကဏ္ဍဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ လက်ရှိတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်သော်လည်း ၎င်းအနေအထားမှ လွတ်မြောက်ရန် ကြိုးစားဆောင်ရွက်နေသည်။ ၎င်းအချိန်တွင် ယခုကဲ့သို့ အထည်ချုပ်လုပ်ငန်း၌ ဆန္ဒပြမှုများ ဖြစ်ပေါ်လာခြင်းကြောင့်လည်းကောင်း၊ နိုင်ငံရေးအကူးအပြောင်းကာလတစ်ခု ရောက်ရှိတော့မည်ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း မူဝါဒနှင့် နိုင်ငံရေးအပြောင်းအလဲကို မည်သို့ကိုင်တွယ်ဆောင်ရွက်မည်ကို လေ့လာစောင့်ကြည့်ရမည့်အနေအထားဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source : Nikkei asia**

## ပုဇွန်တောင်မြို့နယ်ဈေးကွက်တွင် ရောင်းချနေသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ


နိုဝင်ဘာလ တတိယပတ်တွင် ပုဇွန်တောင်မြို့နယ်၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ကြမ်း/ချော အမျိုးအစားအလိုက် (ထိပ်စ/လတ်စ/နိမ့်စများတွင် ဧည့်မထတစ်အိတ်လျှင် ကျပ် ၇၃၀၀၀-၇၈၀၀၀-၈၀၀၀၀၊ မနောသုခတစ်အိတ်လျှင် ကျပ် ၈၀၀၀၀-၈၅၅၀၀-၈၇၅၀၀ ထိလည်းကောင်း၊ ရွှေဘိုပေါ်ဆန်းမွှေးတစ်အိတ်လျှင် (၁၄၂၀၀၀-၁၄၇၀၀၀- ၁၅၂၀၀၀ကျပ်)ထိ၊ ပေါ်ဆန်း(ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၁၁၈၅၀၀-၁၂၆၀၀၀-၁၃၀၀၀၀ဖြင့်လည်းကောင်း စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၈၀၀၊ ပဲဆီ(ရိုးရိုး) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီ ဆိုဒ်စုံ တစ်ပိဿာလျှင် ကျပ် ၃၆၀၀-၄၂၀၀ -၄၄၀၀၊ ကြက်သွန်ဖြူ(ဥ) တစ်လုံးတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၆၀၀၀၊ ကြက်သွန်ဖြူ (မြွှာ) တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ -၁၅၀၀၀ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ နနွင်းမှုန့် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ အိုင်အိုဒင်းဆား/ရိုးရိုးဆား တစ်ထုပ်လျှင် ကျပ် ၅၀၀၊ ငရုတ်တောင့်(ရှည်)တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ငရုပ်တောင့်(ပု) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ပဲဝါလေး တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၆၄၀၀၊ချင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀ဖြင့်လည်းကောင်း၊ ပုစွန်ခြောက်(ကြီး) တစ်ပိဿာလျှင် ကျပ် ၉၀၀၀၀၊ ပုစွန်ခြောက်(လတ်) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀၊ ပုစွန်ခြောက်(သေး)တစ်ပိဿာလျှင် ကျပ် ၅၅၀၀၀ နှင့် ငါးကျည်းခြောက် တစ်ပိဿာလျှင် ကျပ် ၆၅၀၀၀-၇၀၀၀၀တို့ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူ ဝက်သားတစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ - ၁၇၀၀၀၊ ဘဲသား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၂၈၀၀၀၊ အမဲသားတစ် ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀-၁၁၀၀၀၊ မြန်မာကြက် တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀-၂၁၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၅၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ်၇၀၀၀-၇၅၀၀ နှင့် ပင်လယ်ငါး တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၇၀၀၀ထိလည်းကောင်း ဈေးနှုန်းအသီးသီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်ဈေးအတွင်း အရောင်းဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**East DOCA**

# ဖိလစ်ပိုင်တွင် သဘာဝဂျစ်ပဆမ်သတ္တုဒြပ်နှင့် အင်ဟိုက်ဒရိုက်တို့အပေါ် ကောက်ခံသည့် သွင်းကုန်ခွန် သုံးရာခိုင်နှုန်း ယာယီလျှော့ချ

ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေနှင့် ပလတ်စတစ် ဘုတ်ပြားများ ထုတ်လုပ်ရာတွင် အဓိက ကုန်ကြမ်းဖြစ်သော သဘာဝဂျစ်ပဆမ် သတ္တုဒြပ်နှင့် အင်ဟိုက်ဒရိုက်တို့အပေါ် တွင် သွင်းကုန်ခွန် သုညရာခိုင်နှုန်းလျှော့ချကြောင်း ၃-၁၁-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆) ဖြင့် ဖိလစ်ပိုင်သမ္မတနန်းတော်မှ ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်တွင်း ပလတ်စတစ် ဘုတ်ပြားနှင့် ဘိလပ်မြေ ထုတ်လုပ်သူများအတွက် ယှဉ်ပြိုင်မှုအားကောင်းလာစေရန်နှင့် ပြန်လည်အားကောင်းလာစေရန် ရည်ရွယ်ကြောင်း ဖော်ပြပါရှိသည်။




ပြင်ဆင်သတ်မှတ်လိုက်သည့် သွင်းကုန်ခွန်နှုန်းထားသည်ဖိလစ်ပိုင်နိုင်ငံ၏အခြေခံအဆောက်အအုံနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများအတွက် အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိ ဖိလစ်ပိုင်နိုင်ငံတွင် သဘာဝဂျစ်ပဆမ်သတ္တုနှင့် အင်ဟိုက်ဒရိုက်သတ္တုရှာဖွေရေးများ မရှိပါကြောင်း၊ ထို့ပြင် အဆိုပါပစ္စည်းများအတွက် ပြည်တွင်း အစားထိုးသုံးစွဲမှုလည်းမရှိကြောင်း ဖော်ပြထားသည်။

Republic Act No.10863, Customs Modernization and Tariff Act အရ နိုင်ငံတော်သမ္မတသည် လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်ခွန်အား တိုးမြှင့်ခြင်း၊ လျှော့ချခြင်း၊ ဖယ်ရှားခြင်းတို့ကို နိုင်ငံ့အကျိုးစီးပွားအလို့ငှာ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့၏ ထောက်ခံအကြံပြုချက်နှင့်အညီ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ယခုအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့သည် သဘာဝဂျစ်ပဆမ်သတ္တုနှင့် အင်ဟိုက်ဒရိုက်သတ္တုတို့အပေါ် တွင် ကောက်ခံလျက်ရှိသည့်Most-Favored Nation (MFN) အကောက်ခွန်နှုန်းထားအား လျှော့ချပေးရေး အတည်ပြုထောက်ခံခဲ့သည်။

Most-Favored Nation (MFN) အကောက်ခွန်နှုန်းထားအား ၃၁-၁၂-၂၀၂၄နောက်ပိုင်း နှစ်စဉ် ပြန်လည် လေ့လာသုံးသပ်မည်ဖြစ်ကြောင်း၊ ထို့အတွက် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များကို အမှုဆောင်အတွင်းရေးမှူးရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတထံသို့ တင်ပြသွားမည်ဖြစ်သည်။

ယခုထုတ်ပြန်သည့်အမိန့်သည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ပြီး ငါးနှစ်ကာလထိ အကျုံးဝင်မည်ဖြစ်သည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)**
**မနီလာမြို့။**

## ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာပါဝင်ဟု ရုရှားအစိုးရက အတည်ပြု

ရုရှားအစိုးရသည် ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့် နိုင်ငံများ၏စာရင်းကို အတည်ပြုခဲ့ပြီး ၎င်းတို့သည် ပြည်ပနိုင်ငံပေါင်း ၆၄ နိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

အစိုးရသည် ရုရှားနိုင်ငံ၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရန် စိတ်ဝင်စားသော ပြည်တွင်းကုမ္ပဏီများအား စနစ်တကျ ပံ့ပိုးကူညီမှုများ လုပ်ဆောင်လျက်ရှိသည်။ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များရှိသည့်နိုင်ငံများ၏စာရင်းဖြင့် ရုရှားကုမ္ပဏီများသည် အဆိုပါနိုင်ငံအသီးသီးမှ ဈေးကွက်များတွင် အလုပ်လုပ်ကိုင်နိုင်မည့် အလားအလာများကို အကဲဖြတ်နိုင်မည့်အပြင် လိုအပ်သော ထုတ်ကုန်များကို တင်သွင်းနိုင်ရန်အတွက်လည်း ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

၂၀၂၀ခုနှစ်မှ ၂၀၂၃ခုနှစ်ထိ ရုရှားကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးကို ပြည်ပနိုင်ငံ ခြောက်နိုင်ငံတွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် မြန်မာ၊ ဖိလစ်ပိုင်၊ မက္ကဆီကိုနှင့် အီသီယိုးပီးယားနိုင်ငံတို့တွင် လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၌လည်းကောင်း အသီးသီး ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါနိုင်ငံများရှိ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်များ၏လုပ်ငန်းများသည် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များကို ပံ့ပိုးကူညီခြင်းအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုဆက်ဆံရေး တိုးချဲ့ရန်ဖြစ်သည်။

ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသည် ရုရှားနိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ခြင်းနှင့် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသော မြန်မာလုပ်ငန်းရှင်များအနေဖြင့် အဆိုပါကိုယ်စားလှယ်ရုံးနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားနိုင်ပါက အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**



## ရုရှားရေနံတင်ပို့ခွန်ကို တစ်တန်လျှင် ၂၄ ဒသမ ၇ဒေါ်လာသို့ လျှော့ချမည်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ရုရှားရေနံတင်ပို့မှု အခွန်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ သို့ လျှော့ချမည်ဖြစ်ကြောင်း ရုရှားဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါဝန်ကြီးဌာန၏တွက်ချက်မှုအရ ၂၀၂၃ခုနှစ် ဒီဇင်ဘာ၁ ရက်မှစ၍ ရုရှားရေနံတင်ပို့ခွန်သည် တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာသို့ လျှော့ချမည်ဖြစ်ပြီး လက်ရှိ ရေနံတင်ပို့ခွန်မှာ တစ်တန်လျှင် ၂၆ ဒသမ ၂ ဒေါ်လာဖြစ်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဝန်ကြီးဌာန၏အဆိုအရ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စောင့်ကြည့်ကာလအတွင်း ရုရှား Urals ရေနံပျမ်းမျှဈေးနှုန်းမှာ တစ်စည်လျှင် ၇၉ ဒသမ ၂၃ ဒေါ်လာ သို့မဟုတ် တစ်တန်လျှင် ၅၇၈ ဒသမ ၄ ဒေါ်လာဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ အပေါ့စားရေနံထွက်ပစ္စည်းနှင့် လောင်စာဆီ တင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၇ ဒသမ ၄ ဒေါ်လာဖြစ်ကြောင်း၊ လေးလံသောရေနံထွက်ပစ္စည်းတင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၂၄ ဒသမ ၇ ဒေါ်လာဖြစ်ကြောင်း၊ စီးပွားဖြစ် ဓာတ်ဆီတင်ပို့မှုအတွက် အခွန်ပမာဏမှာ၇ဒသမ၄ဒေါ်လာဖြစ်ကြောင်း၊ သန့်စင်ပြီး အခြေခံရေနံထွက်ပစ္စည်းတင်ပို့မှုအတွက် အခွန်ပမာဏမှာ ၁၃ ဒသမ ၅ ဒေါ်လာဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် သဘာဝဓာတ်ငွေ့ရည်(LNG) တင်ပို့မှုအတွက် အခွန်ပမာဏမှာ တစ်တန်လျှင် ၂ ဒသမ ၅ ဒေါ်လာမှ ၄ ဒသမ ၇ ဒေါ်လာသို့လည်းကောင်း၊ သန့်စင်သော LPG ဓာတ်ငွေ့ရည် တင်ပို့မှုအတွက် ၂ ဒသမ ၃ ဒေါ်လာမှ ၄ ဒသမ ၂ ဒေါ်လာသို့လည်းကောင်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## အင်ဒိုနီးရှားသို့ ထုတ်ကုန်များ တင်ပို့မှုကို မြှင့်တင်ရန် ဗီယက်နမ် ကြိုးပမ်း

အင်ဒိုနီးရှားနိုင်ငံသို့ လယ်ယာထွက်ကုန်များ၊ ပြုပြင်ပြီးနှင့်စားသောက်ကုန်များ၊ ဟာလာလ်အစားအစာများ တင်ပို့မှု မြှင့်တင်ရေးနည်းလမ်းများ ရှာဖွေရန်အတွက် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာန၊ ဗီယက်နမ်ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီလက်အောက်ရှိ ပို့ကုန်ပံ့ပိုးရေးစင်တာ Webinar တစ်ခုကို နိုဝင်ဘာ ၃ရက်က ကျင်းပခဲ့သည်။

ဗီယက်နမ်ကုမ္ပဏီများအား အင်ဒိုနီးရှားနိုင်ငံမှ Halal လက်မှတ်များ ရယူရန်၊ အင်ဒိုနီးရှားနိုင်ငံ၏ စံသတ်မှတ်ချက်ကို ရယူရန်၊ အင်ဒိုနီးရှားနိုင်ငံ၏ e-commerce ဈေးကွက်တွင် ပါဝင်ရန်နှင့် အင်ဒိုနီးရှားတွင် စီးပွားလုပ်ငန်းဆောင်ရွက်နေသော ပြည်ပရောက် ဗီယက်နမ်များနှင့် ဗီယက်နမ်လုပ်ငန်းများ၏လမ်းကြောင်းများကို လေ့လာဆောင်ရွက်သွားရန် ၎င်းက အကြံပြုခဲ့သည်။

Consultech JSC ၏ ဒါရိုက်တာ Lê Châu Hải Vũ ၏ အဆိုအရ လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ ဟာလာလ်ဈေးကွက်သို့ ကုန်ပစ္စည်းအမျိုးအစား ၂၀ ခန့်သာ တင်ပို့ထားသည့်အတွက် ဝယ်လိုအားထက် အလွန်နည်းပါးသော အရေအတွက်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ ဒေသခံများ၏ ၄၀ရာခိုင်နှုန်းသည် အင်ဒိုနီးရှားနိုင်ငံ ဟာလာလ်ဈေးကွက်သို့ မည်သည့်ထုတ်ကုန်ကိုမျှ တင်ပို့ခြင်းမရှိသေးသည့်အတွက် များစွာအလားအလာရှိသော ဈေးကွက်ဖြစ်ကြောင်း သိရှိရသည်။

ဈေးကွက်ကို အောင်မြင်စွာ ချိတ်ဆက်နိုင်ရန်အတွက် တင်ပို့သူများအနေဖြင့် ဟာလာလ်လက်မှတ်ရယူ လျှောက်ထားရန်၊ မိမိတင်ပို့လိုသည့်ဈေးကွက်အတွက် ဟာလာလ်စံနှုန်းများနှင့် ကိုက်ညီသော ထုတ်ကုန်များ ဖန်တီးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် ကုန်သွယ်မှု ချိတ်ဆက်မှုများကိုလည်း တိုးမြှင့်သင့်သည်ဟု အကြံပြုထားကြောင်း သိရှိရသည်။

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

# ရေစကြိုမြို့နယ် မိုးစိုက်ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ကို သဘာဝပထဝီအနေအထားအရ ကုန်းပိုင်း၊ ကုန်းတစ်ပိုင်း ကျွန်းတစ်ပိုင်း၊ ကျွန်းပိုင်းဟူ၍ အပိုင်း (၃) ပိုင်း ဖြင့် ခွဲခြားထားသည်။ ကုန်းပိုင်းတွင် မိုးသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ငရုတ်နှင့် ဝါသီးနှံများကို စိုက်ပျိုးကြသည်။ မိုးသီးနှံများထဲတွင် တောင်သူများ တွက်ခြေကိုက်သည့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိကြပြီး ဝါသီးနှံများကို အဓိကထားပြီး စိုက်ပျိုးသည့် မြေဖြူ၊ ငွေးချို၊ စည်သာကျေးရွာများတွင် ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း မြေဖြူကျေးရွာနေ တောင်သူတစ်ဦး ၏ ပြောပြချက်အရ သိရှိရသည်။

ဝါသီးနှံများကို ပဲစင်းငုံသီးနှံခင်းတွင် ကြားညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြသည်။ မျိုးများအနေဖြင့် ဒေသမျိုး ငွေချည်-၉၊ ရွှေတောင်-၁၀များကို စိုက်ပျိုးကြပြီး ဩဂုတ်လတွင် စတင်စိုက်ပျိုးကြကြောင်း မိမိအနေဖြင့် ငါးဧက စိုက်ပျိုးထားရှိကြောင်း တစ်ဧကအနေဖြင့် မျိုးစေ့ ငါးပိဿာခန့် ကုန်ကျပြီး ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်စရိတ်၊ သွင်းအားစု၊ ခူးဆွတ်ရိတ်သိမ်းခြင်းတို့အတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်သုံးသိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကတွင် ပိဿာ ၂၀၀ မှ ၃၀၀ ထွက်ရှိကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ခန့် ရောင်းရပြီး အကျိုးအမြတ်အနေဖြင့် လေးသိန်းကျပ်ခန့်ရှိကြောင်းများကို ပြောကြားချက်အရ သိရှိရသည်။

ဝါသီးနှံသည် မိုးသီးနှံဖြစ်သည့်အတွက် မိုးတွင်းကာလမှာ စိုက်ပျိုးကြကာ မိုးကြိုက်သော သီးနှံဖြစ်ပြီး မိုးကောင်းသောနှစ်များတွင် ပိုမိုထွက်ရှိကြောင်း၊ သွင်းအားစုဖြစ်သည့် မြေဩဇာနှင့်ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲမည်ဆိုလျှင် ပိုမိုထွက်ရှိနိုင်ကြောင်း၊ အခြားသီးနှံများကဲ့သို့ အလုပ်မရှုပ်ဘဲ သက်သာသောကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးသင့်ကြောင်း ပြောပြခဲ့သည်။ ဝါသီးနှံ တစ်ဧက စိုက်ပျိုးမည်ဆိုလျှင် ပျမ်းမျှကုန်ကျစရိတ်မှာ ကျပ် ၁၈၀၀၀၀ ခန့်ဖြစ်ပြီး တစ်ဧက ဝါအထွက် ပိဿာ ၃၀၀ ထွက်ရှိလျှင် တစ်ပိဿာဈေးနှုန်းမှာ ကျပ် ၁၂၀၀ ဖြစ်သည့်အတွက် ကျပ် ၃၆၀၀၀၀ ရရှိသဖြင့် ပျမ်းမျှ အကျိုးအမြတ်မှာ ကျပ် ၁၈၀၀၀၀ ခန့်ရရှိခဲ့ပြီး ယခုနှစ်တွင် ကုန်ကျစရိတ်များပြားသလို ဈေးနှုန်းမှာလည်း မြင့်သဖြင့် ရာသီဥတုအခြေအနေမှာလည်း ကောင်းမွန်သဖြင့် ယခုနှစ် နိုဝင်ဘာလတွင် စတင်၍ ဝါသီးနှံများခူးဆွတ်နေပြီး ဇန်နဝါရီလထိ ခူးဆွတ်ရမည်ဖြစ်သဖြင့် ခန့်မှန်းအထွက်နှုန်း ပိဿာ ၃၀၀ ခန့်ရရှိနိုင်ပြီး တောင်သူများ မျှော်လင့်နေသည့် အကျိုးအမြတ်ရရှိမည် ဖြစ်ကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**မြတ်မင်း (ရေစကြို)**

# မော်လမြိုင် ဘီလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်



မော်လမြိုင်မြို့၌ နိုဝင်ဘာလ ဒုတိယပတ်တွင် ဘီလပ်မြေဈေးကွက်မှာ အရောင်းဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင် (အနီ) ကျပ် ၁၀၂၀၀၊ ဆင် (ထိုင်း) ကျပ် ၁၀၂၀၀၊ ကြံ့တံဆိပ် (အပြာ) ကျပ် ၉၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းမှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ် အတက်အကျရှိနေကြောင်း သိရှိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဈေးမှာ ယခင်တစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15;15;15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ကွန်ပေါင်း 20;12;12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၃၄၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15;15;15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50 kg ပါတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50 kg ပါတစ်အိတ်လျှင် ကျပ် ၈၂၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc ပါ ၁ပုလင်းလျှင် ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ ၁ ပုလင်းလျှင် ကျပ် ၁၃၈၀၀၊ အဆီဖိတ်(ခရု) မြန်မာ့ဩဘာ 500g ပါ တစ်ထုပ် ကျပ် ၂၁၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၄၃၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ပုလဲ (အသေး) ၄၆% မြန်မာ (MPE) 50 kg ပါ တစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ်လျှင် ကျပ် ၈၆၀၀၀၊ ပိုးသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc yg တစ်ပုလင်းလျှင် ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်းလျှင် ကျပ် ၁၃၈၀၀၊ အဆီ ဖိတ်(ခရု) မြန်မာ့ဩဘာ 500g ပါ တစ်ထုပ် ကျပ် ၂၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

မွန်ပြည်နယ်တွင် မိုးရာသီကုန်ဆုံးချိန်ဖြစ်သဖြင့် ရော်ဘာစေးလှီးခြင်းကို စတင်နေပြီဖြစ်သည်။ မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေပြီး ရော်ဘာဈေးနှုန်းမှာ ယခုနှစ်အဖွင့်ရာသီတွင် RSS-3 ကျပ် ၁၇၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၆၅၀ ရှိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်ထိ ရော်ဘာဈေးနှုန်းမှာ RSS-3 ကျပ် ၁၆၂၀၊ RSS-5 ကျပ် ၁၃၀၀ ရှိနေကြောင်း သိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ 50Kg ပါ တစ်ထုပ်လျှင် ကျပ် ၁၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၃၅၀၀၀၊ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ 50 Kg ပါတစ်ထုပ်လျှင် ကျပ် ၂၇၅၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၅၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှသိရသည်။

**အောင်မြင့်မြတ်(မွန်)**

# ပြည်ခရိုင်တွင် ဝါသီးနှံများ စတင်ထွက်ပေါ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း စိုက်ပျိုးလျက်ရှိသည့် ဝါစိုက်ဧကမှာ ၁၂၈၉၃ဧက ရှိပြီး ဝါကြီးစိုက်ဧကမှာ ၁၈၀၄ ဧကနှင့် ချည်မျှင်ရှည်ဝါ စိုက်ဧကမှာ ၁၁၀၈၉ ဧကရှိသည်။ ဝါသီးနှံကို မိုးလယ်ရာသီတွင် စိုက်ပျိုးသည်။ စိုက်ပျိုးသော ဝါအမျိုးအစားမှာ တစ်စေ့ဝါ အမျိုးအစားဖြစ်ပြီး တစ်ဧကလျှင် ဝါပိဿာချိန် ၅၀၀ ခန့် ထွက်ရှိနိုင်ပြီး ယခင်နှစ်တွင် ဝါတစ်ဧကလျှင် ပိဿာချိန် ၈၀၀ ခန့် ထွက်ရှိသဖြင့် ယခုနှစ်တွင် အထွက်နှုန်း လျော့နည်းလာတာ တွေ့ရသည်။ ဝါတစ်ဧက စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်မှာ လေးသိန်းဝန်းကျင်ခန့်ကုန်ကျပြီး ဈေးနှုန်းများအနေဖြင့် ယခုနှစ် လတ်တလော ဝါရောင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ရရှိသဖြင့် တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၁၀ သိန်းခန့်ရရှိကြောင်း သိရသည်။ ယခင်နှစ်တွင် ဝါဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဝါအထွက်နှုန်း ကောင်းသော်လည်း ဈေးနှုန်းမှာနည်းသဖြင့် တစ်ဧကအကျိုးအမြတ်မှာ ငါးသိန်းဝန်းကျင်ခန့်ရရှိကြောင်း သိရ သည်။

ပြည်ခရိုင်အတွင်း ထွက်ရှိသော ဝါများကို ဝါကြိတ်စက်ရုံများမှ ဝယ်ယူလျက်ရှိသလို ရွာပွဲစားများကလည်း ဝယ်ယူပြီး အောင်လံနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ဝါစိုက်တောင်သူများအနေဖြင့် သွင်းအားစုဖြစ်သော ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများဈေးနှုန်း မြင့်တက်လာမှုကြောင့် သွင်းအားစုဈေးနှုန်းများ သက်သာစွာဖြင့် ရရှိနိုင်ရေး မျှော်လင့်လျက်ရှိသည်။ ထို့အပြင် တောင်သူများအတွက် မျိုးကောင်း၊ မျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးနိုင်လျှင် အထွက်နှုန်း ပိုလာမည့်အပြင် ဝါအရည်အသွေးကောင်းများလည်း ရရှိလာနိုင်မည်ဖြစ်ပြီး ဝါဂွမ်းမှ တစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် ချည်မျှင်နှင့် အထည်အလိပ်များကို ဒေသအတွင်း ထုတ်လုပ်လာနိုင်ပါက အခြားသော အခွင့်အလမ်းများအပြင် နိုင်ငံတော်အတွက်လည်း ဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရသည်။

**ဝေဝေမင်း(ပြည်)**




# ဘားအံမြို့ ရေပေါ်စံပြဈေးတွင် ရောင်းချနေသော ငါးခြောက်၊ ပုစွန်ခြောက်ဈေးကွက်

ဘားအံမြို့ ရေပေါ်စံပြဈေး၌ ရောင်းချနေသော ပုစွန်ခြောက်၊ ငါးခြောက်များမှာ မွန်ပြည်နယ် ကျိုက္ခမီမြို့နယ်၊ ရေးမြို့နယ်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့မှ အသီးသီး ဝင်ရောက်လျက်ရှိကြောင်း သိရပြီး ငါးခြောက်နှင့် ပုစွန်ခြောက်ဈေးနှုန်းများမှာ ထွက်ရှိရာဒေသကို မူတည်၍ လည်းကောင်း၊ အရည်အသွေးကို လိုက်၍လည်းကောင်း အနည်းငယ်ကွာခြားလျက်ရှိသည်။


နိုဝင်ဘာလ တတိယပတ်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ ပုစွန်ခြောက်(အကြီး) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၀၊ ပုစွန်ခြောက်(အလတ်) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၀၊ ပုစွန်ခြောက်(အသေး) တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀၊ ပုစွန်ခြောက်အခွံပါ အမှုန့်ခြောက် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ငါးနုပ်ခြောက်(အကောင်သေး) တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ ငါးနုပ်ခြောက်(အကောင်ကြီး) တစ်ပိဿာလျှင် ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀၊ ငါးရောင် အသားမျှင်ခြောက် တစ်ပိဿာလျှင် ကျပ် ၂၇၀၀၀ ငါးအိပေါင် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ငါးဖြတ်လုံး တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ငါးရောင်တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ငါးတန်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ငါးနီတူခြောက် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ မှ ၂၀၀၀၀၊ ငါးလျှာဖြတ် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ ငါးခွေးလျှာခြောက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ငါးမီးတံသွယ်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀၊ တီလားဗီးယားငါးခြောက်(အချို) တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ငါးရွှေခြောက် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ တို့ဖြစ်ပြီး ဈေးနှုန်းများမှာ အပတ်စဉ်အလိုက် အနည်းငယ်အပြောင်းအလဲရှိနိုင်ကြောင်း ငါးခြောက်ကုန်သည်များထံမှ သိရသည်။

ZAR (DOCA-Kayin)


Beauté
Treatment Shampoo



OMIC MYANMAR
INSPECTION & SURVEYING CO., LTD
OUR SERVICE
Inspection, Fumigation, Marine, Insurance, Survey,
Testing & Laboratory Service
606-602, 6th Floor, MGW Center.
170-176, Bo Aung Kyaw Street,
Botahtaung Township, Yangon, Myanmar.
Tel : 951-256 689, 256 863, 256 712 Fax : 951 256 546
E-mail : omic@ytp.com.mm, omicmyanmar@gmail.com
Website : www.omicmyanmar.com


TINE KYAW MOE
Transportation
Services
GPS
vehicle
management
အနာဂတ်အတွက် စိတ်ချ
ယုံကြည်ရတဲ့
သယ်ယူပို့ဆောင်ရေး
Time Square C2B
No, 0207 2nd floor
Botahtaung Tsp
Yangon Myanmar.
Tel 0996 5119895
09 517 8086
09 516 8485
094431 94053
lwintun999@gmail
.com


UNITED DRAGON
ISO22000
HACCP
UNITED DRAGON CO., LTD
Export of Beans & Pulses
No.704,Mawtin Tower B,Lanthit Street,
Lanmadaw Township,3 Ward,
Yangon,Myanmar.
+95 95105256
uniteddragon168@gmail.com

# CPP Myat Min Agro Co., LTD

## CPP Myat Min Agro Co., LTD မှထုတ်လုပ်ရောင်းချပေးသော အရည်သွေးမြင့် Melon များ






စီပီကုမ္ပဏီမှ မြင့်မားသောနည်းပညာနှင့် စိုက်ပျိုးထုတ်လုပ်ရောင်းချပေးနေသော Melon များကို Makro တွင် ဝယ်ယူအားပေးနိုင်ပါသည်။



**No.18 B, Oak Pon Seik Street, Quarter (8), Mayangone Township, Yangon.**
**Ph: 09 777777390, 09 962759971~72**
**www.facebook/Farmpro's Melon**

COMMERCE
INTERNATIONAL

# အီသီယိုးပီးယားက Airbus လေယာဉ်ကြီး ၁၁ စင်း ဝယ်ယူ

အီသီယိုးပီးယားနိုင်ငံ လေကြောင်းလိုင်းသည် ကြီးမားကျယ်ဝန်းသော A350 အမျိုးအစား Airbus လေယာဉ် ၁၁ စင်းကို ဝယ်ယူရန် နားလည်မှု စာချွန်လွှာတစ်ရပ်ကို နိုဝင်ဘာ ၁၆ ရက်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် လူဦးရေ အများဆုံးဖြစ်သည့် ဒူဘိုင်းမြို့တွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် ဒူဘိုင်းလေကြောင်းပြပွဲတွင် အီသီယိုးပီးယားနိုင်ငံက A350 အမျိုးအစား Airbus လေယာဉ် ၁၁ စင်းကို ဝယ်ယူရန် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အီသီယိုပီးယားနိုင်ငံ လေကြောင်းလိုင်းသည် ဘိုးအင်းအမျိုးအစား လေယာဉ် ၃၁ စင်းကို ဝယ်ယူခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုကဲ့သို့ ကြီးမားသည့် လေယာဉ်များကို ထပ်မံဝယ်ယူရန် လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည့် A350 အမျိုးအစား Airbus လေယာဉ်သည် ခရီးသည်များကို ပိုပြီး သက်သောင့်သက်သာဖြစ်စေ




သည့်အတွက် မိမိတို့ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နောက်ဆုံးပေါ် နည်းပညာသုံး လေယာဉ်များကို ဝယ်ယူရန်နှင့် မိမိတို့၏ လေကြောင်းလိုင်းကို တိုးချဲ့ရန် ယခင်ကပင် စိတ်အားထက်သန်လျက်ရှိကြောင်း Ethiopian Airlines Group ၏ CEO ဖြစ်သူ Mesfin Tasew က ပြောသည်။

Emirates ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Sheikh Ahmed bin Saeed Al Maktoum က A350 အမျိုးအစား Airbus လေယာဉ်များကို ဝယ်ယူရန် အမှာစာများနှင့်အတူ ဝယ်ယူရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

လေကြောင်းလိုင်း သယ်ယူပို့ဆောင်ရေးတွင် တူရကီ၊ အိန္ဒိယတို့နှင့် အားပြိုင်နေရသည့် Emirates သည် ဒေါ်လာ ၆ ဘီလီယံတန်ကြေးရှိသည့် အဆိုပါသဘောတူညီချက်ကြောင့် ဂုဏ်ယူစရာတစ်ခု ဖြစ်လာခဲ့ရသည်။

Emirates သည် ကမ္ဘာ့အကြီးဆုံး လေကြောင်းလိုင်းတစ်ခုတွင် ပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုကြီးကြီးမားမား ပြုလုပ်ထားကာ အောင်မြင်မှု ရရှိနေသည်။

Emirates လေကြောင်းလိုင်းသည် ဘိုးရင်း 777X လေယာဉ် အစင်း ၉၀ အတွက် ဒေါ်လာ ၅၂ ဘီလီယံဖြင့် လေကြောင်းပြပွဲကို ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**Source; Reuters**



# တရုတ်တွင် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာ

တရုတ်နိုင်ငံတွင် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း ရင်းနှီးမြှုပ်နှံမှုသည် ယခု ၂၀၂၃ ခုနှစ် ပထမ ၁၀ လအတွင်း ယွမ် ၄၁ ဒသမ ၉၄ ထရီလီယံခန့် (အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၅ ထရီလီယံခန့်) ရှိခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက်တွင် ဆင်ဟွာသတင်းတစ်ရပ်၏ ရေးသားဖော်ပြထားချက်အရ သိရသည်။

အဆိုပါ ပမာဏမှာ ယမန်နှစ် ၂၀၂၂ ခုနှစ် ကာလတူထက် ၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုမှ နိုဝင်ဘာ ၁၅ ရက်က ထုတ်ပြန်ထားသည်ဟု ဆိုသည်။

သို့သော် တရုတ်နိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍမှ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုမှာ ယွမ် ၂၁ ဒသမ ၅၉ ထရီလီယံခန့်ရှိကာ ယခင်နှစ်ကထက် သုည ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

အခြေခံအဆောက်အအုံ တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုတွင်မူ ယမန်နှစ် အလားတူကာလထက် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ အထူးသဖြင့် ရထားလုပ်ငန်း သယ်ယူပို့ဆောင်ရေး၌ ရင်းနှီးမြှုပ်နှံမှုမှာ ၂၄ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း နိုင်ငံခြား စီးပွားရေးလုပ်ငန်းများမှ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ် ကာလတူထက် သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့သည်။

အောက်တိုဘာလ တစ်လတည်းတွင်ပင် မရွှေ့ပြောင်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုမှာ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စာရင်းအင်းဗျူရို၏ အချက်အလက်များ ဖော်ပြထားချက်အရ သိရသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်

# ဂျပန်နိုင်ငံတွင် အလတ်စား လျှပ်စစ်ဘတ်စ်ကားများ ရောင်းချမည်

ဂျပန်နိုင်ငံတွင် မကြာမီကာလအတွင်း၌ အလတ်စား လျှပ်စစ်ဘတ်စ်ကားများကို ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းလျှပ်စစ်ကား ထုတ်လုပ်သည့် BYD က ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ဦးတည်သည့်အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးတွင် တိုးပွားလာသည့် ဝယ်လိုအားကို ဖြည့်ဆည်းရန် ဂျပန်နိုင်ငံ၌ အလတ်စား လျှပ်စစ်ဘတ်စ်ကား မော်ဒယ်အသစ်ကို စတင်ရောင်းချသွားတော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၏ နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြထားချက်အရ သိရသည်။

ဂျပန်နိုင်ငံ ဈေးကွက်အတွက် သီးသန့်ထုတ်လုပ်ထားသည့် J7 အလတ်စား လျှပ်စစ်ဘတ်စ်ကားသည် အကွာအဝေး ကီလိုမီတာ ၂၅၀ အထိ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းလျှပ်စစ်ကားများ၏ ဈေးနှုန်းမှာ ဂျပန်ယန်း ၃၆ ဒသမ ၅ သန်း(အမေရိကန်ဒေါ်လာ ၂၄၀၀၀၀ ခန့်) ရှိကြောင်း BYD Japan ကုမ္ပဏီလီမိတက်က နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်ဟု သတင်းတွင် ရေးသားထားသည်။

အဆိုပါ J7 အလတ်စား လျှပ်စစ်ဘတ်စ်ကားများကို လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ကြိုတင်မှာကြားမှုများကို စတင်လက်ခံမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်အတွင်း ဖောက်သည်များ လက်ထဲသို့ အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source; Xinhua**

